**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**၃၈ ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်**

**(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ အချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၃၈ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၇၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၅.၉၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။အစည်းအဝေး အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။အခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးသိန်းအောင်(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်လှမောင်သည် နှလုံးအကြောပိတ်ရောဂါဖြစ်သောကြောင့် ဆရာဝန်က တစ်လ ဆက်လက်အနားယူရန် ညွှန်ကြားသည့်အတွက်ကြောင့် ဦးနိုင်လှမောင်ကို ၂၀-၁၀-၂၀၁၁ ရက်နေ့မှ ၁၉-၁၁-၂၀၁၁ ရက်နေ့အထိ ခွင့်တစ်လထပ်ပေးပါရန် ဦးနိုင်လှမောင်၏ ကိုယ်စား ကျွန်တော် မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းအောင်က လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးစိန်မြင့်(ဗိုလ်တထောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊

ဗိုလ်တထောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်လဲ့လဲ့ဝင်းဆွေသည် ဗိုက်အောင့်ဝေဒနာခံစားနေရပါသဖြင့် ယနေ့နှင့်မနက်ဖြန်အား ခွင့်နှစ်ရက်အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးစိုးပိုင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ဌေးဟာ ကျန်းမာရေးမကောင်းတဲ့အတွက် ဒီနေ့ ၂၀-၁၀-၂၀၁၁ ရက်နေ့တစ်ရက်အား ခွင့်ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ကျွန်တော် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်အနေနဲ့ ဦးကျော်နိုင်ဌေးကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးတင်ထွေး(အုတ်ဖိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်သည် နေမကောင်းပါသဖြင့် ယနေ့ ၂၀-၁၀-၂၀၁၁ ရက်နေ့အား ခွင့်တစ်ရက်အဖြစ် ခွင့်ပြုပေးပါရန် ဦးသန့်ဇင်၏ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးခင်မောင်ဌေး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေးဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို၏ကိုယ်စား ခွင့်တိုင်ကြားခြင်း ဖြစ်ပါတယ်။ ပေါက်မြို့မှာ ၁၉-၁၀-၂၀၁၁ ရက်နေ့ ည ၁၀ နာရီ ၃၀ မိနစ် အချိန်မှာ မုန်တိုင်းကြောင့် ရေကြီးရေလျှံဖြစ်ပါသဖြင့် မိသားစုကိစ္စများ၊ သဘာဝဘေးကြောင့်ဖြစ်ပေါ်နေသော မြို့သူမြို့သားတချို့ကို ကူညီဆောင်ရွက်ရန်အတွက် ယနေ့ ၂၀-၁၀-၂၀၁၁ မှ ၂၁-၁၀-၂၀၁၁ ရက်နေ့အထိ နှစ်ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာ ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးစိုးနိုင်(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးစိုးနိုင် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင်သည် ဝမ်းပျက်ဝမ်းလျှောသက်သာသော်လည်း အဆောင်ဆရာဝန်မှ အနားယူရမည် ညွှန်ကြားပါသဖြင့် ယနေ့ ၂၀-၁၀-၂၀၁၁ ရက်နေ့မှ ၂၁-၁၀-၂၀၁၁ ရက်နေ့အထိ နှစ်ရက်ကို ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ဦးဝင်းတင်၏ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးအောင်ကျော်စိုး(နတ်မောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ်၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်းသည် ကိုယ်တိုင်ဆောင်ရွက်ရမည့်ကိစ္စများရှိနေပါ၍ ယနေ့ ၂၀-၁၀-၂၀၁၁ နေ့မှ ၂၁-၁၀-၂၀၁၁ နေ့အထိ နှစ်ရက်ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးသန်းထွန်း၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကိုမှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၇ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်မစတင်မီ လွှတ်တော်သို့ တင်ပြရန်ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်သက်တမ်း ခြောက်လပတ်ဝန်းကျင်ရောက်တဲ့အချိန်မှာ လွှတ်တော်သို့ သတင်းမီဒီယာများ၊ ပြည်တွင်း၊ ပြည်ပမှ လာရောက်လေ့လာတာရှိသလို သံတမန်များ၊ နိုင်ငံခြားသားများလည်း လာရောက်လေ့လာပြီး အခါအားလျော်စွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့ သက်ဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံမှုများရှိခဲ့ပါတယ်။ အဲဒီလို တွေ့ဆုံတဲ့နေရာမှာ မိမိတို့လွှတ်တော် ဥက္ကဋ္ဌရဲ့ သဘောထားကတော့ မိမိတို့မြန်မာနိုင်ငံ နိုင်ငံရေးစနစ်ပြောင်းလဲနေပြီ။ အခြားစနစ်များလည်း လိုက်လျောညီထွေပြောင်းလဲနေပြီ။ ဒီအခြေအနေတွေကို လွှတ်တော်မှာလေ့လာခြင်းအားဖြင့် နိုင်ငံတကာက သိရှိနိုင်မယ်။ ထိုနည်းတူစွာပဲ မိမိတို့နဲ့ ပြောဆိုဆွေးနွေးခြင်းအားဖြင့် နိုင်ငံတကာက အခြေအနေမှန်တွေ သိနိုင်တယ်ဆိုတဲ့ ရည်ရွယ်ချက်တစ်ခုပါသလို မိမိတို့နိုင်ငံတော်နှင့် နိုင်ငံသားများ အတွက် ရနိုင်သမျှ အခွင့်အရေးများကို ရရှိနိုင်စေဖို့အတွက်လည်း လာရောက်လေ့လာသူများ၊ တွေ့ဆုံသူများနဲ့ အချိန်ပေးပြီး တွေ့ဆုံခဲ့ပါတယ်။ အဲဒီလိုတွေ့ဆုံတဲ့နေရာမှာ ပြီးခဲ့တဲ့ နော်ဝေနိုင်ငံ ဒုတိယ နိုင်ငံခြားရေးဝန်ကြီးလာစဉ်တုန်းက သူနဲ့အတူပါလာတဲ့ မီဒီယာက ရုတ်တရက် မိမိလွှတ်တော်ဥက္ကဋ္ဌကို မေးမြန်းခွင့်တောင်းဆိုပါတယ်။ မိမိ သူမေးတဲ့မေးခွန်းများကို ပြန်ဖြေကြားခဲ့တာ မိမိနဲ့ အစည်းအဝေးမှာ တက်ရောက်တဲ့ကိုယ်စားလှယ်တော်များ ကြားသိပြီးဖြစ်ပါတယ်။ သို့ရာတွင် မိမိနဲ့မေးမြန်း၊ ဖြေကြားတဲ့ အပေါ်မူတည်ပြီး တချို့မီဒီယာများမှာရေးတဲ့အခါမှာ အနည်းအကျဉ်း ကွဲလွဲမှုရှိပါတယ်။ ဒါနဲ့ပတ်သက် လို့လည်း ဘာမှပြဿနာမရှိပါဘူး။ သူမေးတဲ့မေးခွန်း ငါးခုကတော့ လွှတ်တော်ခြောက်လကာလ အတွင်းမှာ ဘာတွေများဆောင်ရွက်နိုင်သလဲ။ အဲဒီအထဲက ဘာကိုများအကြိုက်အနှစ်သက်ဆုံး လဲဆိုတဲ့ မေးခွန်းတစ်ခုမေးပါတယ်။ မေးတဲ့အခါမှာ မိမိတို့လွှတ်တော်အတွင်းမှာ တက်ရောက်လာ ကြတဲ့၊ ပါဝင်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ အယူဝါဒစွဲ များမထားရှိဘဲနဲ့ အားလုံးဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများ၊ အများပြည်သူများအတွက် ဆောင်ရွက်မယ် ဆိုတဲ့ဆန္ဒတူများချမှတ်နိုင်တဲ့အတွက် ဒီလွှတ်တော်သက်တမ်း ခြောက်လကာလမှာ ဒါအအောင်မြင်ဆုံး၊ အကျေနပ်ဆုံးလို့ ဖြေခဲ့ပါတယ်။ နောက်မေးခွန်းတစ်ခုကတော့ ဒီနေ့လွှတ်တော်ကျင်းပပုံများကို သတင်းမီဒီယာများမှာ အထူးသဖြင့် တီဗွီမှာ ဖော်ပြနေပါတယ်။ ဒါကြောင့်မို့လို့ သတင်းမီဒီယာများ တက်ရောက်လေ့လာတဲ့နေရာမှာ အစိုးရမီဒီယာတစ်ခုပဲလားလို့ မေးပါတယ်။ မေးတဲ့အခါမှာ မဟုတ်ဘူး။ အခြားပုဂ္ဂလိကမီဒီယာများပါသလို နိုင်ငံခြားမီဒီယာများလည်း ပါပါတယ်။ ဘယ်နိုင်ငံ၊ ဘယ်နိုင်ငံတွေက လာသွားပါတယ်လို့ ပြန်ဖြေခဲ့ပါတယ်။ နောက်တစ်ခုကတော့ ဒေါ်စုကြည်နဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ကလက်ခံနိုင်ပါသလားလို့ မေးပါတယ်။ တိုတိုပဲဖြေပါတယ်။ လက်ခံနိုင်

ပါတယ်လို့ဖြေခဲ့ပါတယ်။ ထပ်ဆင့်မေးတာက ဒါဖြင့်ရင် ဘယ်အချိန်၊ ဘယ်အခြေအနေမှာ လက်ခံနိုင်မှာလဲလို့ မေးပါတယ်။ အဖြေကတော့ သက်ဆိုင်ရာပြည်သူများက သူ့ကိုရွေးချယ်ပေးတဲ့အချိန်မှာ လွှတ်တော်က လက်ခံနိုင်ပါတယ်လို့ ဒီလိုဖြေခဲ့ပါတယ်။ နောက်ဆုံးမေးခွန်းတစ်ခုကတော့ နိုင်ငံရေးအကျဉ်းသားများ ဘယ်တော့လွှတ်ပေးမလဲဆိုတဲ့ မေးခွန်းမေးပါတယ်။ မိမိဖြေလိုက်တာက အကျဉ်းသားများ နိုင်ငံရေးအကျဉ်းသားရယ်လို့မဟုတ်ဘူး။ အကျဉ်းသားများ မကြာမီလွှတ်ပေးမယ်လို့ဖြေပါတယ်။ ဖြေတဲ့အခါ ရယ်ပါတယ်။ ရယ်ပြီးတဲ့အခါမှာ မကြာခင်ဆိုတာ ဘယ်တော့လဲလို့ မေးတဲ့အတွက် ရက်ပိုင်းအတွင်း လွှတ်ပေးနိုင်တယ်လို့ ဖြေခဲ့ပါတယ်။ ဒီအဖြေပေါ်မူတည်ပြီးတော့ မီဒီယာနဲ့ သက်ဆိုင်ရာနိုင်ငံခြားတိုင်းပြည်များ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ မိမိတို့ရဲ့လွှတ်တော်ရဲ့ သဘောထားနဲ့ လွှတ်တော်ရဲ့အခြေအနေကို ဒီလိုပဲဖြေကြားခဲ့ပါတယ်။ ဒီဟာ ဘာ့ကြောင့် ကျွန်တော် ဒီမှာတင်ပြရလည်းဆိုလို့ရှိရင် ဒီရက်ပိုင်းအတွင်းမှာလည်း မကြာမကြာနိုင်ငံခြားကလာတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ မိမိတို့တွေ့ဆုံပါတယ်။ တွေ့ဆုံတဲ့အခါမှာ မနေ့ကတော့ ကျွန်တော်တို့ အစည်းအဝေးမှာပါတဲ့ ပုဂ္ဂိုလ်တစ်ဦးက မကြာမကြာတွေ့နေရတယ်။ သဘောကတော့ ပင်ပန်းတယ်ဆိုတဲ့သဘောဖြစ်ပါတယ်။ ကျွန်တော်လည်း တစ်ခါတည်းဖြေလိုက်ပါတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် တပ်ထဲမှာနေတုန်းက ကိုယ့်နိုင်ငံ၊ ကိုယ့်နိုင်ငံသား၊ ကိုယ့်တပ်မတော်အတွက် အသက်ပင်ပေးဆပ်ရန်အသင့်ရှိပါတယ်ဆိုတဲ့ အဓိဋ္ဌာန်တွေဆိုခဲ့သလို လက်တွေ့လည်း ဒီလိုဆောင်ရွက်ပါတယ်။ ဒီအချိန်မှာတော့ တပ်မတော်သားမဟုတ်ဘူး။ နိုင်ငံရေးသမားဖြစ်ပြီး မိမိတို့လုပ်ရမယ့်အလုပ်က နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လိုအပ်မယ်ဆိုလို့ရှိရင် စွန့်လွှတ်စွန့်စားစွာ လုပ်ရမယ့်အနေအထားဖြစ်ပါတယ်။ အသက်တောင်ပေးစရာမလိုပါဘူး။ ဒါကြောင့်မို့လို့ နိုင်ငံနဲ့နိုင်ငံသားအတွက် မည်သည့်အကျိုးစီးပွားပဲရရ၊ ရလိုရငြား သက်ဆိုင်ရာအနေနဲ့ အပင်ပန်းခံပြီး တွေ့ခြင်းဖြစ်ပါတယ်လို့ပဲ ကျွန်တော် သက်ဆိုင်ရာများကို ရှင်းပြရင်းနဲ့ ပြောခဲ့တာရှိပါတယ်။ ဒီလိုတင်ပြတာအကြောင်းရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်နဲ့ပတ်သက်ပြီးတော့ အားလုံး ပွင့်လင်းမြင်သာအောင်ဆောင်ရွက်သလိုပဲ လွှတ်တော်မှာ ကော်မတီများဖွဲ့စည်းခဲ့ပါတယ်။ ပထမလေးခု၊ နောက်ထပ် ၁၉ ခု၊ စုစုပေါင်း ၂၃ ခု ဖွဲ့စည်းတဲ့နေရာမှာ ဖွဲ့စည်းတယ်ဆိုကတည်းက စတင်ပြီးတော့ ပြည်သူများရဲ့ယုံကြည်အားထားမှုကြောင့် ကော်မတီအသီးသီးကို သော်လည်းကောင်း၊ လွှတ်တော်ကို သော်လည်းကောင်း တင်ပြစာတွေ၊ အသနားခံစာတွေ ပေးပို့ခဲ့တာရှိပါတယ်။ လွှတ်တော်အနေနဲ့လည်း ပြည်သူများကိုယ်စား ပြည်သူ့ကိုယ်စားလှယ်များကတင်ပြတဲ့ မည်သည့်တင်ပြချက်မဆို အလေးထားဆောင်ရွက်ပေးခဲ့ပါတယ်။ ဆောင်ရွက်လျက်လည်းရှိပါတယ်။ ဒီအထဲမှ အရေးကြီးဆောင်ရွက်ပေး

နိုင်တဲ့ ကိစ္စနှစ်ခုကို တင်ပြပါမယ်။ ဒါက သက်ဆိုင်ရာပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နယ်မြေက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြတာရှိပါတယ်။ အဲဒီနယ်မြေအတွင်းမှာ တပ်ရင်းတစ်ရင်း၊ စစ်ကြောင်းတစ်ကြောင်းက အဲဒီရွာမှာရှိတဲ့ ရွာသားနှစ်ဦးကို အပြစ်မဲ့ သတ်ဖြတ်လိုက်တယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့ တိုင်ကြားပါတယ်ဆိုပြီးတော့ စာတစ်စောင် လွှတ်တော်ဥက္ကဋ္ဌဆီကို ရောက်ပါတယ်။

ထိုနည်းတူစွာပဲ အဲ့ဒီနယ်မြေမှာရှိတဲ့ မြို့နယ်ရဲ့တစ်ဝက်ဖြစ်တဲ့ မဲဆန္ဒနယ်မြေ ၂ က ကိုယ်စားလှယ်တစ်ဦးကလည်း ထပ်ပြီးတော့ ဒီလိုတိုင်ကြားပါတယ်။ ဒီလိုတိုင်ကြားတဲ့အပေါ်မူတည်ပြီးတော့ မိမိတို့လွှတ်တော်အနေနဲ့လည်း ဒီကိစ္စသည် တပ်မတော်နဲ့ဆိုင်တဲ့ကိစ္စဖြစ်တဲ့အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို တိုင်ကြားစာမှာပါတဲ့ အချက်အလက်တွေလွှဲပြီးတော့ ပို့ခဲ့ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူများကိုယ်စား သတင်းပေးတိုင်ကြားတဲ့ နှစ်ဦးအပေါ် လွှတ်တော်ရဲ့ အလေးထားဆောင်ရွက်မှုကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဘက်ကလည်း အလေးထားဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ကြောင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ IG လို့ခေါ်တဲ့ Inspector General တပ်မတော်စစ်ဆေးရေးအရာရှိချုပ်ကို အဲဒီဒေသစေလွှတ်ပြီးတဲ့ အခါမှာ စုံစမ်းစစ်ဆေးရေး ခုံရုံးဖွဲ့စည်း သလို တိုက်ရိုက်လည်း စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ စစ်ဗျူဟာကအရာရှိ ဗျူဟာမှူးအပါအဝင် လေးဦး၊ သက်ဆိုင်ရာတပ်ရင်းက စစ်သည် ၁၃ဦး၊ အဲဒီခရိုင်မှာရှိတဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနမှ ဝန်ထမ်း သုံးဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတစ်ဦး၊ ရွာသုံးရွာက ရွာသားကိုးဦး၊ သက်ဆိုင်ရာဒေသမှာရှိတဲ့ ပြည်သူ့စစ်ခေါင်းဆောင်နဲ့ သူနာပြုများ၊ နောက်အခြားရွာသားစုစုပေါင်း ၃၃ ဦးအား စုံစမ်းခဲ့ပါတယ်။ စုံစမ်းခဲ့ပြီးတဲ့အခါမှာ ခုနက အခင်းဖြစ်ပွားတဲ့နေရာကိုသွားပြီးတဲ့အခါမှာ အတိုချုပ်ပြောမယ်ဆိုရင် အလောင်းဖော်စစ်ဆေးပြီးတဲ့အခါမှာ သက်ဆိုင်ရာ Special List များရဲ့ ထင်မြင်ယူဆချက်များနဲ့အတူ ပေးပို့ခဲ့ပါတယ်။ ဒီအထောက်အထားတွေကို ဓါတ်ပုံမှတ်တမ်းနဲ့တကွ မိမိလွှတ်တော်ဥက္ကဋ္ဌဆီကို မနေ့က ရောက်ရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီမှာကျွန်တော်တို့ဆီကို တင်ပြထားတဲ့ လွှတ်တော် ကိုယ်စားလှယ်အနေနဲ့ တပ်မတော်ကအရေးယူ ဆောင်ရွက်ထားတဲ့ကိစ္စကို လွှတ်တော်ဥက္ကဋ္ဌရုံးမှာ လာရောက်ကြည့်နိုင်ပါတယ်။ ဒီတိုင်ကြားစာနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့လည်း နိုင်ငံသားများရဲ့အခွင့်အရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးကော်မတီကို ပေးပို့ထားပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့လွှတ်တော်ဘက်ကတော့ မိမိတို့ဆောင်ရွက်ရမယ့်ကိစ္စများကို ဆောင်ရွက်ပါတယ်။ ပြည်သူများရဲ့ကိုယ်စား ပြည်သူ့ကိုယ်စားလှယ်များရဲ့ တင်ပြချက်များကိုလည်း အရေးတယူ

ဆောင်ရွက်တာရှိပါတယ်။ ထိုနည်းတူစွာပဲ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးက ပြီးခဲ့တဲ့လပိုင်းအတွင်းမှာ တစ်ဖက်နိုင်ငံကို မိမိတို့နိုင်ငံမှ ကျောက်များထုတ်ယူပေးနေတဲ့ ကိစ္စနဲ့ပတ်သက်လို့ တင်ပြတဲ့အပေါ် မူတည်ပြီးတော့ သက်ဆိုင်ရာသဘာဝအရင်းအမြစ်နဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ချပေး ဆောင်ရွက်တဲ့အခါမှာ ဖြစ်စဉ်တစ်ရပ်မှန်တဲ့အတွက် ဒီနေ့တော့ အဲ့ဒီဆောင်ရွက်မှုဟာ လုံးဝရပ်ဆိုင်း ပြီးတော့ နိုင်ငံအကျိုးအတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒီလို ကျွန်တော် လွှတ်တော်မှာ တင်ပြခြင်း ဟာ ကျွန်တော်တို့ပြည်သူများရဲ့ဆန္ဒ၊ ပြည်သူများရဲ့ကိုယ်စားလှယ်များရဲ့ တင်ပြချက်ကို လွှတ်တော် အနေနဲ့ ဘယ်လိုအလေးထားဆောင်ရွက်တယ်၊ အဲဒီနည်းတူပဲ သက်ဆိုင်ရာ အဖွဲ့အစည်းများကလည်း ဘယ်လိုအလေးထားဆောင်ရွက်တယ်ဆိုတာ သိအောင်တင်ပြခြင်းဖြစ်ပါတယ်။ ဒီလို တင်ပြတဲ့နေရာမှာ ဒီနေ့တပ်မတော်နဲ့ ပတ်သက်ပြီးတော့ စွပ်စွဲပြောဆိုမှုတွေကလည်း ရှိနေဆဲပါပဲ။ ကျွန်တော် တပ်မတော်သားဟောင်းတစ်ဦး ဖြစ်ပါတယ်။ တပ်မတော်မှာ တာဝန်ယူစဉ်တုန်းကလည်း ဒီစွပ်စွဲချက်များရှိတဲ့အတွက် သက်ဆိုင်ရာတာဝန်ရှိတဲ့သူများကို မှန်ကန်စွာဖြေရှင်းပေးဖို့လည်း ကျွန်တော် နှိုးဆော်တိုက်တွန်းခဲ့ပါတယ်။ အထူးသဖြင့်တော့ ကျွန်တော်တို့တပ်မတော်ဟာ စနစ်တကျ တိုင်းရင်းသားအမျိုးသမီးများကို Licence to Rate ခေါ်တာကို စနစ်တကျဆောင်ရွက်ပေးနေတယ် ဆိုတဲ့ စွပ်စွဲချက် တွေဟာများစွာရှိပါတယ်။ ဒီနေ့လည်း ကချင်ပြည်နယ်မှာ ဖြစ်တဲ့ကိစ္စနဲ့ပတ်သက်လို့ ဒီလိုစွပ်စွဲချက်တွေ များစွာရှိပါတယ်။ အကယ်လို့များ စွပ်စွဲချက်အစား အမှန်အကန်တိုင်မယ် ဆိုလို့ရှိရင်တော့ တပ်မတော်အနေနဲ့ သို့မဟုတ်လို့ရှိရင် ကျွန်တော်တို့ လွှတ်တော်အနေနဲ့ တင်ပြချက်အပေါ် မူတည်ပြီးတော့ အလေးထားဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ဆောင်ရွက်ပေးမှာ ဖြစ်ကြောင်းလည်း လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် ပြည်သူများကို တင်ပြခြင်းဖြစ်ပါတယ်။ အလျဉ်းသင့်လို့ တပ်မတော်နဲ့ ပတ်သက်ပြီးတော့ တပ်မတော်သားများဟာ နယ်ဘက်ဥပဒေ လိုက်နာရသလို တပ်မတော်ရဲ့ဥပဒေများကိုလည်း အပြည့်အဝလိုက်နာရပါတယ်။ နယ်ဘက် ဥပဒေ ကတော့ တပ်မတော်ဥပဒေနဲ့စာလို့ရှိရင် လိုက်နာတဲ့နေရာမှာ နှိုင်းယှဉ်မယ်ဆိုရင် တပ်မတော်ဥပဒေ လိုက်နာရတာ များပြားပါတယ်။ ဒီလွှတ်တော် ကိုယ်စားလှယ်ထဲမှာလည်း တချို့တပ်မတော်မှာ ခေတ္တခဏတာဝန်ထမ်းဆောင်ခဲ့ရတာရှိသလို တချို့လည်း တပ်မတော်မှာ ဘဝတစ်လျှောက်လုံးနီးပါး တာဝန်ထမ်းဆောင်ခဲ့တာရှိပါတယ်။ တပ်မတော်မှာ ခုနကစွပ်စွဲပြောဆိုသလို Licence to Rate တစ်နည်းအားဖြင့် စနစ်တကျ ဗလက္ကာရပြုမှုအပါအဝင် အခြားကိစ္စများကို တပ်မတော်အနေနဲ့ လက်ခံတာမရှိပါဘူး။ အဲ့ဒီနည်းတူပဲ အနိုင်အထက်ပြုကျင့်မှုများကိုလည်း တပ်မတော်က လက်ခံတာ မရှိပါဘူး။ ပေါ်ပေါက်လာတယ်။ တွေ့ရှိလာတယ်ဆိုရင် အပြစ်ပေးအရေးယူပါတယ်။ တပ်မတော်မှာ

အပြစ်ပေးအရေးယူတာက နယ်ဘက်ကအပြစ်ပေးအရေးယူတာထက် များစွာပြင်းထန်ပါတယ်။ ဒီလို ကျွန်တော် တင်ပြခြင်းဟာ တပ်မတော်ကိုအပုပ်ချ၊ သွေးခွဲပြီးတဲ့အခါမှာ တပ်မတော်နဲ့ ပြည်သူ မညီမညွတ်ဖြစ်အောင် ဆောင်ရွက်နေတယ်ဆိုတဲ့ဟာကို ဒီနေ့လက်ရှိလည်း ဒီလိုရှိနေတယ်ဆိုတာကို လွှတ်တော်ကိုယ်စားလှယ်များထံ တင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အကယ်လို့များ တပ်မတော်က ပြည်သူများကို အနိုင်အထက်ပြုကျင့်တယ်။ သို့မဟုတ်လို့ရှိရင် ခုနက ကိစ္စမျိုးတွေ ဖြစ်တယ်ဆိုလို့ရှိရင် အချိန်မရွေး တိုင်တန်းနိုင်ပါတယ်။ တိုင်တန်းတဲ့အခါမှာလည်း အခုလိုပဲ အရေးတယူ ဆောင်ရွက်ပေးပါမယ်။ ဆက်လက်လည်း ဆောင်ရွက်ပေးပါမယ်။ ဒီနေ့ ဒီကာလမှာ တပ်မတော်နဲ့ပြည်သူ ကြည်ဖြူဖို့လိုပါတယ်။ ကြည်ဖြူအောင်လည်း တပ်မတော်သားများဘက်က နေရမှာဖြစ်သလို ပြည်သူများဘက်က မှန်မှန်ကန်ကန်ဆောင်ရွက်ပေးဖို့လိုပါတယ်။ ဒါ့ကြောင့် ဒီဟာကို ကျွန်တော် ပြန်ချုံ့ပြီးတင်ပြရမယ်ဆိုရင် ဒီလိုကျွန်တော့်ဆီကို တင်ပြအသိပေး တိုင်တန်းချက်နဲ့ ပတ်သက်လို့ ကျွန်တော်ရပ်မထားပါဘူး။ အဆုံးအထိကျွန်တော်ဆောင်ရွက်ပြီးပါပြီ။ ဒါနဲ့ပတ်သက်လို့ ကျွန်တော့်ဆီမှာ ခုနက စစ်ဆေးချက်မှတ်တမ်း၊ ဓာတ်ပုံမှတ်တမ်း၊ လက်ဖွဲရာကအစ အားလုံးရောက်ရှိပါပြီ။ ဒါကြောင့်မို့လို့ လာရောက်ကြည့်ရှုနိုင်ပါတယ်ဆိုတဲ့အကြောင်းလည်း ကျွန်တော် အလျှဉ်းသင့်လို့ တင်ပြခြင်းဖြစ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင် ဆောင်ရွက်ပါမယ်။

**အသေးစားနှင့် အလတ်စား ယက္ကန်းလုပ်ငန်းများ ရှင်သန်ရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်အား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသန်းမြင့်(ဝမ်းတွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဝမ်းတွင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အသေးစား၊ အလတ်စားယက္ကန်းလုပ်ငန်းများ ရှင်သန်ရေးနဲ့ပတ်သက်ပြီးတော့ ဝမ်းတွင်းမြို့နယ်မှ ပြည်သူများရဲ့

ဆန္ဒအရ မေးခွန်းများမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဝမ်းတွင်းမြို့ဟာ ယက္ကန်းလုပ်ငန်းကို မိရိုးဖလာလုပ်ငန်းကြီးလိုလုပ်ကိုင်ခဲ့ပြီး ဝမ်းတွင်းလုံချည်ရယ်လို့ တစ်ခေတ်ဆန်းလာခဲ့ပါတယ်။ ဒီစက်ယက္ကန်းတွေဟာ ၁၉၅၈ခုနှစ်၊ ပါလီမန်ခေတ်က ဂျပန်နိုင်ငံမှ မှာယူတင်သွင်းခဲ့တဲ့ စက်ယက္ကန်းတွေဖြစ်တာမို့ First Generation လို့ခေါ်ဆိုနိုင်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ယက္ကန်းလုပ်ငန်းများအနေဖြင့် နှစ် ၅၀ ကျော်ကြာလာပြီဖြစ်လို့ ဒီ First Generation မှ မွေးဖွားလာတဲ့ ယက္ကန်းလုပ်ငန်းဟာ ပြည်ပနိုင်ငံကြီးများရဲ့ ခေတ်မီတဲ့ ယက္ကန်းလုပ်ငန်းကြီးတွေနဲ့ အခြားကုန်သွယ်မှုဆိုင်ရာ ပြဿနာများကြောင့် ဆက်လက်ရှင်သန်ရေး အခက်အခဲတွေရှိပါတယ်။ အချို့အသေးစားများဟာ ဆိုလို့ရှိရင် ရပ်ဆိုင်းသွားရတဲ့ အနေအထားမှာ ရောက်ရှိနေပါတယ်။ AFTA ဆိုတဲ့ Asean Free Trade Area ပေါ်ပေါက်လာရင် အသင့်ဖြစ်စေဖို့ ကျွန်တော်တို့ ယက္ကန်းလောကကို New Generation မွေးဖွားလိုပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်းမှာ ကျွန်တော်တို့လုပ်ငန်းများနဲ့ကိုက်ညီတဲ့ ယက္ကန်းစက်များကို အကောက်ခွန်ကင်းလွတ်ခွင့်နဲ့ နိုင်ငံခြားမှ မှာယူတင်သွင်း လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယက္ကန်းလုပ်ငန်းရဲ့ အဓိကကုန်ကြမ်းဖြစ်တဲ့ ချည်ထုတ်ဆိုရင်လည်း ပြည်တွင်းထုတ်လုပ်မှုမပြည့်မီတဲ့အခါ နိုင်ငံခြားမှ မှာယူတင်သွင်းရပါတယ်။ အဲ့ဒီအခါမှာ ပြည်တွင်း၊ ပြည်ပ ကုန်သည်တွေရဲ့ ဈေးကစားမှုခံရတဲ့အခါ ကျွန်တော်တို့ ယက္ကန်းသမားတွေရှင်သန်ဖို့ အခက်အခဲတွေ ကြုံတွေ့ခဲ့ရပါတယ်။ New Generation အတွက် ပြည်ပမှယက္ကန်းစက်များ မှာယူတင်သွင်းရန်အတွက် လုပ်ငန်းရှင်တွေမှာ နိုင်ငံခြားငွေအခက်အခဲရှိရင် Equipment Purchase Loan နိုင်ငံခြားငွေ ချေးယူလိုပါတယ်။ ကုန်ကြမ်းဖြစ်တဲ့ ချည်ထုတ်နဲ့ ဆိုးဆေးတွေကိုလည်း ကျွန်တော်တို့ ယက္ကန်းသမားများက စုပေါင်းပြီးတော့ ကုမ္ပဏီထူထောင်ပြီး တိုက်ရိုက်ဝယ်ယူတင်သွင်းလိုပါတယ်။ အဲဒါကြောင့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများရှင်သန်ရေးဆိုတဲ့မူအတိုင်း ဝမ်းတွင်းမြို့နယ်အတွင်းရှိ ယက္ကန်းလုပ်ငန်း အသေးစား၊ အလတ်စားလုပ်ငန်းများ ရှင်သန်နိုင်ရေးနဲ့ အဆင့်မြှင့်တင်နိုင်ရေးအတွက် (၁) နည်းပညာ၊ (၂) Equipment Purchase Loan နဲ့ ချေးယူနိုင်သော ငွေကြေးအရင်းအနှီး၊ (၃) ခေတ်မီစက် ကိရိယာများ၊ (၄) နိုင်ငံခြားဈေးကွက်ဝင် အထည်များထုတ်လုပ်ရန် ကုန်ချောချည်များနဲ့ ဆိုးဆေးများ တင်သွင်းပေးရန် ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ ထွက်ရှိလာသောကုန်ချောများ ရောင်းချနိုင်ပြီး ပြည်ပ ဈေးကွက်များ ရှာဖွေပေးခြင်း၊ ဝမ်းတွင်းမြို့နယ် ယက္ကန်းလုပ်ငန်းရှင်များကို နိုင်ငံတော်အစီအစဉ်ဖြင့် နိုင်ငံခြားသို့လေ့လာရေး

စေလွှတ်ပေးခြင်းများကို ဆောင်ရွက်ပေးရန် ရှိ၊ မရှိများကို မေးမြန်းလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးသိန်း(ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန)** ။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ရဲ့ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်မှ အောက်ပါအတိုင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်းဟာလက်ရှိအချိန်မှာ ချည်မျှင်သီးသန့်ထုတ်လုပ်တဲ့ စက်ရုံကြီးနှစ်ရုံ၊ ပိတ်ထုတ်လုပ်တဲ့ စက်ရုံနှစ်ရုံ၊ ချည်နှင့်ပိတ်ကြမ်းထုတ်လုပ်တဲ့ စက်ရုံကြီးလေးရုံ၊ ချည်မျှင်နှင့်ပိတ်ကြမ်း၊ အထည်ချောထုတ်လုပ်တဲ့ စက်ရုံကြီးနှစ်ရုံ၊ စက်ထိုးထည်ထုတ်လုပ်တဲ့စက်ရုံကြီးနှစ်ရုံနှင့် အထည်ချုပ်ရုံ ငါးရုံ၊ စုစုပေါင်းစက်ရုံ ၁၇ ရုံရှိပါတယ်။ အဲဒီစက်ရုံကြီးတွေရဲ့ ကုန်ထုတ်လုပ်ငန်းများမှာ အသုံးပြုလျက်ရှိတဲ့ ထုတ်လုပ်မှုနည်းစဉ်၊ ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် နည်းပညာတွေကို လေ့လာလိုပါက လာရောက်လေ့လာနိုင်ရေးအတွက် အဖွဲ့အစည်းအသီးသီးအား စီစဉ်ဆောင်ရွက် ပေးလျက်ရှိပါတယ်။ လုပ်ငန်းရှင်များအနေနဲ့ ဈေးကွက်လိုအပ်ချက်အရ ထုတ်လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့ကုန်ကြမ်း၊ ချည်ချောနှင့်ဆိုးဆေးများ တင်သွင်းနိုင်ရေးနှင့် ထွက်ရှိလာတဲ့ ကုန်ချောများ ရောင်းချနိုင်ရေးအတွက် မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) နှင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းတို့နဲ့ ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်းလည်း ပြန်ကြားအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အသေးစား၊ အလတ်စား ယက္ကန်းလုပ်ငန်းရှင်များ ရှင်သန်နိုင်ရေးနှင့် အဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်တဲ့နည်းပညာများ ပံ့ပိုးကူညီဆောင်ရွက်ရေးမှာ မိမိတို့စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စားသောက်ကုန်၊ အထည်အလိပ်နှင့်လူသုံးကုန်ပစ္စည်း ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီတို့ရဲ့တာဝန်လို့ခံယူပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံခြားသို့ လေ့လာခြင်းမပြုမီမှာ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှာရှိတဲ့၊ ပြည်တွင်းမှာရှိတဲ့ ခေတ်မီချည်မျှင်စက်ရုံကြီးများအား ပထမအဆင့်အချိန်မရွေး လေ့လာရေးဆောင်ရွက်သင့်ပါကြောင်း ဖြေကြားရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများသို့ နိုင်ငံတော်မှ တိုက်ရိုက်ချေးငှားရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးစိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော် စမ်းချောင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းက နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ဒီနေ့ မေးချင်တဲ့မေးခွန်းကတော့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်ဦးစိုးဝင်း၊ရန်ကုန်တိုင်းဒေသကြီး၊စမ်းချောင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံဟာ ၂၀၁၅ခုနှစ်တွင် လွတ်လပ်သော အာဆီယံဈေးကွက် AFTA အတွင်းသို့ ဝင်ရောက်တော့မည်ဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံတွင် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းပေါင်း ၄၀၀၀၀ ကျော်ရှိနေပြီး အာဆီယံလွတ်လပ်သော ဈေးကွက်အတွင်း အရည်အသွေးမြင့် ကုန်ပစ္စည်းများကို ထုတ်လုပ်ယှဉ်ပြိုင်နိုင်စွမ်းမရှိပါက ကုန်သွယ်ရေးလိုငွေပြလာပြီး နိုင်ငံ၏စီးပွားရေးကို ဆိုးကျိုးသက်ရောက်လာစေနိုင်သည့်အပြင် မိမိတို့၏ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ရပ်ဆိုင်းသွားနိုင်ပြီး အလုပ်လက်မဲ့ပြဿနာများ ထူပြောလာနိုင်သည်အထိ ဖြစ်လာနိုင်ပါသည်။ ပထမအကြိမ် လွှတ်တော်မှာလည်း ဒီအသေးစား၊ အလတ်စားတွေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ချေးငွေထုတ်ပေးဖို့ရာ တင်ပြပေးခဲ့ပါတယ်။ တင်ပြတဲ့ အခါမှာ နိုင်ငံတော်ကလည်း ထုတ်ချေးပါတယ်။ အဲဒီအပိုင်းမှာ နိုင်ငံတော်အနေနဲ့ ထိုလုပ်ငန်းများ ဘဏ္ဍာငွေအထောက်အပံ့ပေးရေး အစီအစဉ်များ လုပ်ဆောင်လာနေသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိလာရပါတယ်။ အဆိုပါစက်မှုလုပ်ငန်းများအတွက် ချေးငွေဥပဒေတစ်ရပ် ဖြစ်ပေါ်လာရာ၌ ယင်းစက်မှုဖွံ့ဖြိုးရေးချေးငွေတို့ကို စက်မှုဇုန်များမှ တစ်ဆင့်ချေးမည့်အစား စက်မှုလက်မှုလုပ်ငန်းများ သို့ တိုက်ရိုက်ချေးငှားပါက အတိုးနှုန်းလျှော့ရခြင်းမှာ ထိရောက်နိုင်မှုရှိမည် ဖြစ်ပါသည်။ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀ အရ နိုင်ငံတော်သည် စက်မှုလက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေး အတွက် လိုအပ်သည့်နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးရမည်ဟု ဆိုထားပါသည်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရှင်သန်ပြီး ကြီးထွားလာစေရန် ရည်ရွယ်၍ ထိုလုပ်ငန်းများအပေါ် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့ပေးရေး လုပ်ဆောင်နေမှုအခြေအနေများကို အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းရှင်များအကျိုးငှာ လွှတ်တော်သို့ အောက်ပါမေးခွန်းသုံးရပ်ကို မေးမြန်း

အပ်ပါတယ်ခင်ဗျား။ (၁) ထိုအသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကို နိုင်ငံတော်မှ တိုက်ရိုက်ချေးငွေးရန်အစီအစဉ်ရှိ၊ မရှိသိလိုပါတယ်။ မေးခွန်းနံပါတ် (၂) အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် အကောင်အထည် ဖော်ရန်ရှိပါမည်နည်း။ မေးခွန်းနံပါတ် (၃) ပြုလုပ်ပေးမည့် အစီအစဉ်မရှိသေးပါက အဘယ့်ကြောင့်ပါနည်း။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးသိန်း(ပြည်ထောင်စုဝန်ကြီး၊အမှတ်(၂)စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းရဲ့ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်မှ ပြန်လည်ဖြေရှင်းတင်ပြအပ်ပါတယ်။ အာဆီယံစီပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်ရန်အတွက် မဏ္ဍိုင်လေးခုအနက် တတိယမဏ္ဍိုင်ဖြစ်တဲ့ သမမျှတသောစီးပွားရေးဖွံ့ဖြိုးမှု Equitable Economic Development ရဲ့ အဓိကဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဟာ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး Small & Medium Enterprises Development ဖြစ်ပါတယ်။ အာဆီယံအသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံရဲ့ Focal Point အဖြစ် အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

ဒီ့အပြင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှာ ဖွဲ့စည်းထားတဲ့ ဆပ်ကော်မတီ ၁၂ ရပ်မှာလည်း အသေးစားနဲ့အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဆပ်ကော်မတီကို အလေးထားထည့်သွင်းဖွဲ့စည်းထားကြောင်းလည်း တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းနဲ့ ပူးပေါင်းပြီးတော့ SMEs Development တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းလည်း အသိပေးတင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ပြည်ပပို့ကုန်ဆောင်ရွက်ပေးနိုင်သည့်လုပ်ငန်းများ၊ သွင်းကုန်အစားထိုးဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းများအတွက် ငွေကြေးအရင်းအနှီး လိုအပ်မည်ဆိုပါက မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းရဲ့စိစစ်မှုဖြင့် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်မှသင့်တော်တဲ့ငွေကြေးပမာဏကို သင့်တော်တဲ့အတိုးနှုန်းဖြင့် ချေးငွေးထုတ်ပေးလျက်ရှိပါတယ်။ ယခုတင်ပြတဲ့အချိန်အထိ စုစုပေါင်း ၃၀.၃၉၆ ဘီလီယံအထိ ချေးငွေးထုတ်ပေးထားပြီး ဖြစ်ပါတယ်။ သို့သော် လတ်တလောအနေနဲ့ နိုင်ငံတော်အစိုးရမှ တိုက်ရိုက်ချေးငွေးထုတ်ပေးထားခြင်း မရှိသေးပါကြောင်းလည်း အသိပေးတင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး

ခင်ဗျား။ လာမယ့်ဘဏ္ဍာနှစ်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရအနေနဲ့ လယ်ယာအမတော်ကြေး ကဲ့သို့ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ဘဏ်မှတစ်ဆင့် သင့်တော်တဲ့ငွေပမာဏကို ထုတ်ချေးနိုင်ရေးအတွက် စီစဉ်ကြိုးပမ်းလျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဘဏ်က တစ်ဆင့် SMEs Finance Centre ကို ဖွဲ့စည်းပြီးတော့ တင်ပြပါ SMEs များကို ထောက်ပံ့ပေးခြင်းများ ပိုပိုပြင်ပြင်ဆောင်ရွက် သွားအောင်လည်း လျာထားလျက်ရှိကြောင်း ထပ်မံ တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့လည်း နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်နှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့နိုင်ရေးအတွက် ၁-၉-၂၀၁၁ ရက်နေ့ကစပြီး ချေးငွေအပေါ်ကောက်ခံတဲ့ အတိုးနှုန်းထားအား ၁၅ ရာခိုင်နှုန်းအထိ လျှော့ပေါ့ သတ်မှတ်ပေးခဲ့တာလည်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအသိပဲ ဖြစ်ပါတယ်။ ဒီ့အပြင် စက်မှုလုပ်ငန်းများနဲ့ စိုက်ပျိုးရေးလုပ်ငန်းများရဲ့ ချေးငွေအတွက်လည်း အတိုးနှုန်းအား ၁၄ ရာခိုင်နှုန်း အထိ လျှော့ပေါ့ပေးခဲ့ကြောင်းလည်း တင်ပြအပ်ပါတယ်။ ကျွန်တော့်ရဲ့တင်ပြမှုအား နိဂုံးချုပ်အပ်ပါ တယ်။ (သြဘာသံများ)

**ကျိုက်ထိုဘူတာရှိ အဆောက်အဦများနှင့် ရထားလမ်းဖြတ် ခုံးကျော်တံတားများ အဆင့်မြှင့်ပြုပြင် ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးမြင့်လွင်၊ ကျိုက်ထိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(ကျိုက်ထိုမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြလိုတဲ့မေးခွန်းကတော့ ကျိုက်ထိုဘူတာရုံမှာရှိတဲ့ အဆောက်အဦနဲ့ ပတ်သက်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျိုက်ထိုမြို့နယ်ဟာ ထင်ပေါ်ကျော်ကြားလှတဲ့ ကျိုက်ထီးရိုး စေတီတော်နဲ့ ထင်ပေါ်ကျော်ကြားလှတဲ့ ကျိုက်ပေါလော မှဲ့ရှင်တော်ဘုရားရှိတဲ့အတွက် ခရီးသွား လာရေး အလွန်များပြားတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ကျိုက်ထီးရိုးဘုရားဖူးဧည့်သည်ဟာ မနှစ်ကဆိုလို့ ရှိရင် ၁၅ သိန်းလောက် ကျိုက်ထိုမြို့ကို ရောက်ရှိဘုရားဖူးခဲ့ပါတယ်။ ကျိုက်ထိုဘူတာရုံကနေတစ်ဆင့် ရထားနဲ့သွားလာတဲ့ ခရီးသည်အပေါင်းက တစ်သိန်းခွဲလောက်ရှိပါတယ်။ ကျိုက်ထိုဘူတာရဲ့ ခရီးသွား ဝန်ဆောင်ဝင်ငွေဟာ မနှစ်က ဘူတာရဲ့မှတ်တမ်းအရ ၇၅၅ သိန်း ရရှိပါတယ်။ ပစ္စည်းပို့ဆောင်ရေး ကနေပြီးတော့ ကိုးသိန်းခန့်ရရှိတယ်လို့ လေ့လာသိရပါတယ်။ သို့သော် ကျိုက်ထိုဘူတာရုံဟာ ကျိုက်ထိုမြို့ ခရီးသွားမြို့အဆင့်အတန်းနဲ့ဆိုလို့ရှိရင် ဥပဓိရုပ်ရော၊ အဆင့်အတန်းရော ကွာခြားလျက်

ရှိပါတယ်။ ထိုနည်းတူ အဲဒီဘူတာရုံကို ဆက်သွယ်ထားတဲ့ ခုံးကျော်တံတားဟာ ၁၂၅ ပေ ရှည်လျား ပြီးတော့ ၆ ပေ ကျယ်ပါတယ်။ အခင်းဟာ သစ်သားတွေ ဖြစ်တဲ့အတွက် ဆွေးမြေ့နေပါပြီ။ ဒါကြောင့် အဲဒီကျိုက်ထိုမြို့ အင်္ဂါနဲ့ညီတဲ့ ဘူတာရုံအဆောက်အဦများကို အဆင့်မြှင့်ပြုပြင်ဖို့နဲ့ ခုံးကျော်တံတားကို အဆင့်မြှင့်ပြုပြင်ဖို့ ရှိ၊ မရှိဆိုတာကို လွှတ်တော်ကတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မင်း(ပြည်ထောင်စုဝန်ကြီး၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့မေးခွန်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးကျွန်တော် ဦးအောင်မင်းမှ ဖြေကြား သွားမှာဖြစ်ပါတယ်။ မွန်ပြည်နယ်၊ ကျိုက်ထိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်မှ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့ဘူတာရုံရှိ အဆောက်အဦများကို အဆင့်မြှင့်ပြုပြင်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ၎င်းဘူတာရုံရှိ ရထားလမ်းခုံးကျော်တံတားကိုလည်း အဆင့်မြှင့်ပြုပြင်ရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းထားပါတယ်။ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့ရှိ ဘူတာရုံနှင့် ရထားလမ်းပေါ်မှ လူကူးဖြတ်ကျော်သော ခုံးတံတားတို့ကို ၁၉၀၇ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ မြန်မာ့မီးရထား ကွန်ယက်၌ စုစုပေါင်းဘူတာ ၉၂၆ ဘူတာရှိတဲ့အတွက် ပြုပြင်ရန်လိုအပ်ချက် ဘဏ္ဍာငွေခွဲဝေနိုင်မှုနဲ့ ဘူတာ၏ အရေးပါမှုတို့အပေါ်မူတည်ပြီးတော့ ဘူတာများ၏ ပြုပြင်မွမ်းမံမှုများကို ဆောင်ရွက်ပေး လျက်ရှိပါတယ်။ မြန်မာ့မီးရထားအနေဖြင့် ယခုပွင့်လင်းရာသီတွင် ပြည်နယ်/တိုင်းဒေသကြီး အခြေစိုက်သည့်မြို့ ဘူတာများကို ပထမဦးစားပေးအဖြစ်လည်းကောင်း၊ ခရိုင်ဘူတာများကို ဒုတိယ ဦးစားပေးအဖြစ်လည်းကောင်း၊ မြို့နယ်အဆင့်ဘူတာများကို တတိယဦးစားပေးအဆင့်အဖြစ် လည်းကောင်း ပြင်ဆင်ပေးရန် အစီအစဉ်များရှိပါတယ်။ ကျိုက်ထိုဘူတာမှာ မြို့နယ်အဆင့် ဘူတာဖြစ် သော်လည်း ဘုရားဖူးခရီးသည် များပြားသည့်ဘူတာ ဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ ခရီးသည် ၁၃၁၀၀၀ ရှိပြီး ဝင်ငွေအားဖြင့် ကျပ် ၅၉ သန်းကျော်ရရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ ထိုဘူတာကိုအသုံးပြုတဲ့ ခရီးသည်များ စိတ်ချမ်းမြေ့ အဆင်ပြေစေရေးအတွက် ဦးစားပေးပြုပြင် ပေးရန် ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ လူကူးခုံးကျော်တံတားကိုလည်း မြို့အင်္ဂါရပ်နဲ့အညီ ဖြစ်စေရန် အဆင့်မြှင့်ပြုပြင်နေပြီဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**ရန်ကုန်-ပြည် အမြန်ရထားအား ပြေးဆွဲနေကျ တစ်ကြိမ်အစား အနည်းဆုံးတစ်နေ့ နှစ်ကြိမ်ပြေးဆွဲပေးရန် နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးဝင်းမြင့်၊ ပြည်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပြည်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးဟာ မြို့နယ် ၂၈ မြို့နယ်ရှိပြီး အရှေ့ ၁၄ မြို့နယ်၊ အနောက် ၁၄ မြို့နယ်ဆိုပြီးတော့ ပဲခူးရိုးမကြီးဟာ အလယ်က ခွဲခြားကာဆီးထားတဲ့အတွက် အရှေ့နဲ့အနောက်သွားဖို့ရာအတွက် ရန်ကုန်ကို ဆင်းပြီးမှ ပြန်တက်သွားလာနေရပါတယ်။ ဒါကြောင့် ယခင်အစိုးရလက်ထက်က ပဲခူးတိုင်းအရှေ့ပိုင်းနဲ့ အနောက်ပိုင်းဆိုပြီးတော့ ခွဲခြားပြီးတော့ ကျွန်တော်တို့ ပြည်မြို့က ပဲခူးတိုင်းအနောက်ပိုင်း တိုင်းခွဲရုံးစိုက်ကာ အုပ်ချုပ်ရေးကိစ္စ၊ တရားစီရင်ရေးကိစ္စ၊ ဌာနဆိုင်ရာကိစ္စများဆောင်ရွက်ခဲ့ကြရပါတယ်။ ယခုအခါ မှာ တိုင်းရုံးကို ပဲခူးမြို့တစ်ခုတည်း သတ်မှတ်လိုက်တဲ့အတွက် အနောက်ပိုင်းမြို့နယ်များရှိတဲ့ အစိုးရဝန်ထမ်းများ၊ အများပြည်သူများဟာ တိုင်းရုံးစိုက်ရာ ပဲခူးမြို့ကိုသွားလာရတဲ့အခါမှာ ပြည်မှ ရန်ကုန်သို့ မိုင် ၂၀၀ ခရီးကို ရန်ကုန်-ပြည် မီးရထားဖြင့် သွားပြီးတော့ ရန်ကုန်မှ ပဲခူးကို ခရီးဆက်ကြရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်မြို့ဟာ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့ ဖြတ်သန်းသွားလာရာ ဆုံချက်နေရာကျသော မြို့ကြီးတစ်မြို့ဖြစ်ပြီး ကားလမ်း၊ ရထားလမ်း၊ ရေလမ်းတို့ဖြင့် ခရီးသွားရာ ဥဒဟိုသွားလာကြရတဲ့ အချက်အချာကျတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ ကုန်သည်ပွဲစားများနဲ့ ကူးသန်းရောင်းဝယ်စည်ကားတဲ့မြို့လည်းဖြစ်ပါတယ်။ ပြည်မြို့မှာ အလျား ၄၅၀၀ ပေ၊ အကျယ် ၃၅၀၀ ပေရှိတဲ့ လေယာဉ်ကွင်းတစ်ခုရှိပြီးတော့ ဖော်ကာ F- 27 လေယာဉ်များအထိ ဆင်းသက်နိုင်အောင် ၁၉၆၉ ခုနှစ်က လေယာဉ်ကွင်းကို တိုးချဲ့ပြင်ဆင်ထားပြီး ဖြစ်သော်လည်း ခရီးသည်တင်လေယာဉ် အဆင်းအတက်ပေးခြင်းမရှိခဲ့တဲ့အတွက် ခရီးသွား အများပြည်သူများဟာ လေကြောင်းကို အသုံးပြုခွင့်မရခဲ့ကြဘဲ ကုန်းလမ်း၊ ရထားလမ်းကိုသာ အားထားအသုံးပြုနေရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-ပြည်မီးရထားလမ်းဟာ ပဲခူးရိုးမ အနောက်ပိုင်းမှာ တစ်ခုတည်းသော မီးရထားလမ်းဖြစ်ပြီး တိုးတက်လာတဲ့ လူဦးရေကြောင့် ရထားခရီး သွားလာသော ခရီးသည်များ နေ့စဉ်နှင့်အမျှ တိုးတက်များပြားလာနေပါတယ်။ သို့ရာတွင် ရန်ကုန်-ပြည်အမြန်ရထားဟာ တစ်နေ့လျှင် တစ်ကြိမ်သာ ပြေးဆွဲနေပါသဖြင့် ခရီးသည်နဲ့

နေရာအခက်အခဲများ လွန်စွာပင်မျှတခြင်းမရှိ ဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ ရန်ကုန်-ပြည် အမြန်ရထားအား ပြေးဆွဲနေကျတစ်ကြိမ်အစား အနည်းဆုံးတစ်နေ့နှစ်ကြိမ် ပြေးဆွဲပေးပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်မင်း(ပြည်ထောင်စုဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ဒုတိယမေးခွန်းကိုကျွန်တော်မှပဲ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်မှ ရန်ကုန်-ပြည်အမြန်ရထားအား ပြေးဆွဲနေကျတစ်ကြိမ်အစား အနည်းဆုံး တစ်နေ့နှစ်ကြိမ်ပြေးဆွဲပေးပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းထားတဲ့မေးခွန်းဖြစ်ပါတယ်။ ရန်ကုန်-ပြည်အမှတ် (၇၁) အဆန်နှင့် (၇၂) အစုန်အမြန်ရထားကြီး ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအထိ ဘူတာအလိုက် တစ်ရက်ပျမ်းမျှ စီးနင်းတဲ့ ခရီးသည်ဦးရေ၊ တစ်လချင်းအလိုက် စီးနင်းတဲ့ ခရီးသည်ဦးရေ၊ နေ့အလိုက်စီးနင်းတဲ့ ခရီးသည်ဦးရေများကို လေ့လာဆန်းစစ်ခဲ့ပါတယ်။ ရန်ကုန်မှထွက်သော အမှတ် (၇၁) အဆန်ရထားတွင် တနင်္လာနေ့မှ စနေနေ့အထိ ရထားမထွက်မီ နာရီဝက်ခန့်အထိ ရထားလက်မှတ်များကို ဝယ်ယူရရှိနိုင်ပြီး၊ ပြည်မှထွက်သော အမှတ်(၇၂)အစုန်ရထားအတွက်လည်း စနေနေ့မှ ကြာသပတေးနေ့အထိ ရထားလက်မှတ်များကို လွယ်ကူစွာဝယ်ယူနိုင်ကြောင်း တွေ့ရှိရပါတယ်။ အမှတ်(၇၂)အစုန်ရထားတွင် သောကြာနေ့တိုင်း၌ ပြည်မှရန်ကုန်သို့ပြန်သော ဝန်ထမ်းခရီးသည်များရှိသဖြင့်လည်းကောင်း၊ အမှတ် (၇၁) အဆန်ရထားတွင် တနင်္ဂနွေနေ့တိုင်း၌ ရန်ကုန်မှ ပြည်သို့ပြန်သော ဝန်ထမ်းခရီးသည်များကြောင့်လည်းကောင်း ရထားများကြပ်တည်းရခြင်း ဖြစ်ရပါတယ်။ လက်ရှိရထားတွင် အထက်တန်းတွဲ ငါးတွဲ၊ ရိုးရိုးတန်းတွဲ ငါးတွဲ၊ ပထမတန်းတစ်တွဲ၊ ဘရိတ်တွဲတစ်တွဲ စုစုပေါင်း ၁၂ တွဲ ချိတ်ဆွဲထားပြီး ခရီးသည်စုစုပေါင်း ၆၀၀ ခန့်ကို ထိုင်ခုံဖြင့် လက်မှတ်ရောင်းချ ပေးနိုင်ခဲ့ပါတယ်။ ထိုရထားစက်ခေါင်း၏ ဝန်ချိန်ချိတ်ဆွဲနိုင်မှုအရ နောက်ထပ်လူစီးတွဲသုံးတွဲကို ကောင်းစွာချိတ်ဆွဲနိုင်သဖြင့် စုစုပေါင်းထိုင်ခုံ ၁၈၆ ခုံပါရှိမည့် ရိုးရိုးတန်းလူစီးတွဲသုံးတွဲကို ထပ်မံချိတ်ဆွဲပေးမည်ဖြစ်ပါတယ်။ ထို့အပြင် ယခုထက်ခရီးသည်များ ပိုမိုရရှိလာပါကလည်း ရထားတွဲဆိုင်းများကို တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ရေပိုလွှဲမြောင်းများ တည်ဆောက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးကျော်မြင့်၊ မိုးမိတ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(မိုးမိတ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုးမိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် (ခေါ်) ဦးဖိုးတုတ် ပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ လယ်ယာမြေ ဖော်ထုတ်နိုင်ရေးအတွက် သက်ဆိုင်နေတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးမိတ်မြို့မှ ၁၂ မိုင်ဝေးကွာသော ပုသိမ်ကျေးရွာအုပ်စု အပိုင်း ရေတံခွန်ချောင်းသည် ကွင်းပေါင်း ကိုးကွင်း၊ တောင်သူလယ်သမား ၁၈၂ ဦး၊ လယ်ယာမြေဧက ၈၆၃.၆၃ ဧကအား လှည်းအဆည်ကိုအသုံးပြုပြီး စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါတယ်။ အဆိုပါ ရေတံခွန် ချောင်းဟာ မိုးကုတ်မြို့နယ်မှအစပြုပြီး ကျောက်မျက်တူးဖော်ခြင်း၊ ရွှေတူးဖော်ခြင်း လုပ်ငန်းများကြောင့် ကနယ်ရေများအဖြစ်စီးဆင်းကာ ရေတံခွန်ချောင်းသို့ စီးဝင်ခဲ့ပါတယ်။ မိုးများသောကာလများမှာ ယင်းကနယ်ရေများဖြင့် ၂၀၀၁-၂၀၀၂ စိုက်ပျိုးရာသီမှ ၂၀၀၇-၂၀၀၈ ခုနှစ်၊ စိုက်ပျိုးရာသီအထိ လယ်မြေဧက ၇၄၃.၄၈ ဧက ကနယ်ရေဖုံးလွှမ်းမှုကြောင့် ပျက်စီးခဲ့ကြပါတယ်။ ယနေ့တိုင်ထိလည်း ပျက်စီးရန်အနေအထားမှာရှိပြီး တောင်သူလယ်သမားများအနေနဲ့ လယ်လုပ်ကိုင်နိုင်သည့်ဧကများ တွင်သာ ရင်တမမဖြင့်လုပ်ကိုင်နေရသည်ကို တွေ့မြင်ရပါတယ်။ အဆိုပါ ရေငုတ်ချောင်းမကြီးမှတစ်ဆင့် ပိန်းချောင်းသို့လည်းကောင်း၊ ယင်းမချောင်းသို့လည်းကောင်း ရေပိုလွှဲဆည်ပြုလုပ်ပေးမည်ဆိုပါက ပုသိမ်ကျေးရွာအုပ်စုနှင့် မကျည်းပင်ကျေးရွာအုပ်စုများမှ လယ်သမား ၁၈၂ ဦး၏ လယ်မြေဧက ၈၆၃.၆၃ ဧကသည် ရာသီမရွေးစိုက်ပျိုးနိုင်မှာဖြစ်သလို ပိန်းချောင်း၊ ယင်းမချောင်းမှတစ်ဆင့် ကောင်ရွာကျေးရွာ၊ ရွှေသည်ကျေးရွာများမှ မြေလွတ်မြေရိုင်းများ ကိုးအင်းဒေသနှင့် နန်းပန်းဒေသ တွင်ရှိ မြေလွတ်၊ မြေရိုင်းများခန့်မှန်းဧက ၃၀၀၀ နှင့် ဧက ၄၀၀၀ မှာ လယ်ယာမြေဖော်ထုတ် နိုင်မှာဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ အဆိုပါ ရေတံခွန်ချောင်းမကြီးအား ရေပိုလွှဲဆောက်လုပ်နိုင်ရန်အတွက် ရှမ်းပြည်နယ်၊ လယ်ယာ စိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးဌာနမှ ပြည်နယ်ဝန်ကြီးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးအဖွဲ့ဟာလည်း တာဝန်ရှိသူများနှင့်အတူ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ပထမပတ် အတွင်းက ကွင်းဆင်းစစ်ဆေးဆောင်ရွက်သွားကြောင်းကိုလည်း သိရပါတယ်။ ဒါကြောင့်မို့လို့ အဆိုပါ

ရေတံခွန်ချောင်းမကြီးအား ရေပိုလွှဲဆည်ပြုလုပ်နိုင်ရန် ကျွမ်းကျင်သောပညာရှင်များနှင့် တွက်ချက်ဆောင်ရွက်ပေးနိုင်ပါမည်လား။ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အခြေအနေမျိုးတွင် ဆောင်ရွက်ပေးမည်နည်း။ တွက်ချက်တိုင်းတာပြီးပါက အဆိုပါရေပိုလွှဲဆည်ကို ပြုလုပ်ပေးရန် စီစဉ်ဆောင်ရွက်ပေးနိုင်ပါမည်လား။ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နည်း။ အဆိုပါရေပိုလွှဲဆည် ပြုလုပ်ပြီးပါက ပေါ်ထွက်လာသော မြေလွတ်၊ မြေရိုင်းလယ်မြေများကို စက်ယန္တရားများဖြင့် ကူညီပေးနိုင်ပါမည်လား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်မြောက်ပိုင်း၊ မိုးမိတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့် (ခ) ဦးဖိုးတုတ်၏ ရေတံခွန်ချောင်းမကြီးအား ရေလွှဲဆည်ပြုလုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိဆိုတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်ဇော်ဖြစ်ပါတယ်။ ရေတံခွန်ချောင်းသည် မိုးကုတ်မြို့နယ်မှ အခြေပြု၍ ကျောက်မျက်နှင့် ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများကြောင့် ကနယ်ရေများအဖြစ် စီးဆင်းကာ မိုးများသောကာလတွင် လယ်ယာမြေများ ပျက်စီးခဲ့ကြောင်း သိရှိရပါတယ်။ ကျောက်မျက်နှင့် ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို သတ္တုတွင်းဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါတယ်။ ရွှေသတ္တုတူးဖော်သည့် လုပ်ငန်းရှင်များအနေဖြင့် လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ တစ်အချက်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရေထု၊ မြေထု၊ လေထု ညစ်ညမ်းမှုမဖြစ်စေရန် လိုအပ်သည်များကို ဆောင်ရွက်ပေးရမည်ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ရွှေသတ္တုအသေးစား တူးဖော်သည့်စနစ်မှာ လေးပေကျင်းလုံးစနစ်ဖြင့် မြေအောက်တူးဖော်ပြီး ထွက်ရှိလာသော မြေစာများကို စွန့်ပစ်ကန်တူး၍ စွန့်ပစ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ တူးဖော်ခြင်းမှ ထွက်ရှိလာသောစွန့်ပစ်ပစ္စည်းများသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်များကိုလည်းကောင်း၊ အများပြည်သူတို့နှင့်သက်ဆိုင်သောလမ်းများ၊ အဆောက်အဦများကို သော်လည်းကောင်း ညစ်ညမ်းမှု၊ ပိတ်ဆို့မှုနှင့် အခြားပတ်ဝန်းကျင် ညစ်ညမ်းထိခိုက်မှုမရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ တတိယအချက်အနေနဲ့ ရွှေသတ္တုတူးဖော်ထုတ်လုပ်ခြင်း ဆောင်ရွက်

သည့်လုပ်ငန်းကြောင့် ဒေသတွင်းတည်ရှိနေသော လယ်ယာ၊ မြေ၊ အိမ်၊ ခြံတို့ နှင့်ပတ်သက်၍ ထိခိုက်မှုရှိလျှင် သက်ဆိုင်ရာအာဏာပိုင်များမှ သတ်မှတ်ပေးထားသောတန်ဖိုးကို လျော်ကြေးအဖြစ် ပေးချေရမည်ဖြစ်ပါတယ်။

သို့ပါ၍ ကျောက်မျက်နှင့် ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ထုတ်ပြန် ကြေညာထားသော စည်းကမ်းဥပဒေများကို လေးစားစွာ လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ အထက်တွင် ဖော်ပြထားသကဲ့သို့ ကျောက်မျက်နှင့် ရွှေ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများကို သတ်မှတ်ထားသည့် စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ပါက ကနယ်ရေများ ဖြစ်ပေါ်လာခြင်းမရှိနိုင်ပါ။ လက်ရှိ တံခွန်တိုင်ချောင်းကို ပိတ်ဆို့နေသော ကနယ်ရေများ၊ နုန်းအနှစ်များကိုဖယ်ရှားရန် ရွှေသတ္တု တူးဖော်သော လုပ်ငန်းရှင်များကသာ ဆောင်ရွက်စေသင့်ပါတယ်။ ရေတံခွန်ချောင်းမကြီးပေါ်တွင် ရေလွှဲဆည် တည်ဆောက်မည်ဆိုပါက မြေလွတ်၊ မြေရိုင်းဧရိယာဧက ၄၀၀ ခန့်သာ လယ်ယာမြေ ပေါ်ထွက်လာမည်ဟု စိစစ်တွေ့ရှိရပါတယ်။ အချိန်ကာလ အတိုင်းအတာတစ်ခုအထိ စောင့်ကြည့်ပြီးမှ သာ စိုက်ပျိုးရေအတွက် လိုအပ်သောရေလွှဲဆည် တည်ဆောက်ခြင်းလုပ်ငန်းအတွက် စူးစမ်း လေ့လာခြင်း၊ မြေပြင်တိုင်းတာခြင်းနှင့် ဒီဇိုင်းပုံစံထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွား ရမည်ဖြစ်ပြီး ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းမှုရှိမှသာ နိုင်ငံတော်သို့ တင်ပြဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၁ : ၁၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။]

**အချိန်၊ ၁၁ : ၄၀ ။**

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**မြစ်မခချောင်းရေကာတာ၊ ရေနုတ်မြောင်းများတူးဖော်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ဆက်လက်ဆောင်ရွက်ပါမယ်။ ဦးနန်းဦး၊ မိုးညှိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနန်းဦး (မိုးညှိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မိုးညှိုမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်းဦး ဖြစ်ပါတယ်။ ကျွန်တော်တို့မိုးညှိုမြို့နယ်မှာ လယ်မြေဧက ၁၇၆၉၀ ကျော်ဖော်ထုတ်နိုင်ရေးရည်မှန်းပြီးတော့မြစ်မခချောင်း ရေကာတာတည်ဆောက်ခြင်းလုပ်ငန်း ၂၄ မိုင်အား ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ခဲ့ပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ ရေနုတ်မြောင်း၊ ရေတံခါးများ တည်ဆောက်ထားခြင်းမရှိပါသဖြင့် ရေကာတာအတွင်းမိုးရေများသိုလှောင်ပြီး လယ်မြေများ၊ လယ်ယာအင်းများ အခက်အခဲများတွေ့ကြုံရပြီးတော့ စိုက်ပျိုးထုတ်လုပ်မှု၊ သားငါးထုတ်လုပ်မှုအခက်အခဲများ တွေ့ကြုံရပြီး မျှော်မှန်းချက် မအောင်မြင်ဖြစ်နေပါတယ်။ အခက်အခဲများတွေ့ကြုံနေရတဲ့ ပြည်သူများကတော့ ကျွန်တော်တို့မိုးညှို မြို့နယ်မှာ ၄၂ အုပ်စုရှိသည့်အနက် ၁၁ အုပ်စုရှိပြည်သူများဖြစ်ပါတယ်။ ဒါ့ကြောင့် ၎င်းပြည်သူများ အခက်အခဲမရှိ အဆင်ပြေစေရေးအတွက် ရေနုတ်မြောင်းနှင့် ရေတံခါး တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မိုးညှိုမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်းဦးရဲ့ မြစ်မခချောင်းရေကာတာအတွင်း ရေတံခါး၊ ရေနုတ်မြောင်းများ တည်ဆောက်ပေးရန် ရှိ၊ မရှိဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ လယ်ဆည်ဝန်ကြီးဌာနကိုယ်စား ကျွန်တော်မှ ဖြေကြားပါမယ်ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ မိုးညှိုမြို့နယ်တွင် မြစ်မခလွင့်ပြင်ရေလွှမ်းမိုးမှု ကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးလုပ်ငန်းကို နှစ်စဉ် ရေကြီးနစ်မြုပ်မှု လျော့ပါးသက်သာစေရန်နှင့် စိုက်ပျိုးမြေဧရိယာများ တိုးချဲ့ပေါ်ထွက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ မြစ်မခအနောက်ဘက်ကမ်း တာမှာ မြစ်သာကျေးရွာမှ မိုးညှိုမြို့ အထိ အလျား ၂၄.၂၁ မိုင်ရှိပြီး အဆိုပါ ကမ်းပတ်တာကို

၂၀၀၅-၂၀၀၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာမှာ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ပြီးစီးခဲ့ပါတယ်။ မြစ်မခ အနောက်ဘက်ကမ်းပတ်တာကို တည်ဆောက်ပေးခဲ့ခြင်းကြောင့် မိုးညှင်းမြို့နယ်တွင် ရေလွှမ်းမိုးမှုကို အထိုက်အလျောက် ကာကွယ်ပေးပြီးဖြစ်ပါတယ်။ အဆိုပါ မြစ်မခအနောက်ဘက် ကမ်းပတ်တာအတွင်း ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် ကမ်းပတ်တာ၏ ပေတိုင် ၂၃/၄ မိုင်တွင် မြစ်မခအနောက်ဘက် ကမ်းတာရေထိန်းတံတား တည်ဆောက်ပေးရန်အတွက် ယခုအခါ မြေပြင်တိုင်းတာခြင်း၊ ရေစီးရေလာ တိုင်းတာခြင်းနှင့် ဒီဇိုင်းပုံစံထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် ရေတံခါးတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအဖွဲ့သို့ ရန်ပုံငွေ တင်ပြတောင်းခံ၍ နိုင်ငံတော်အစိုးရအဖွဲ့၏ ဦးစားပေးလုပ်ငန်း အစီအစဉ်များအရ ရန်ပုံငွေခွဲဝေ ခွင့်ပြုပေးနိုင်မှုအပေါ်တွင်မူတည်ပြီး လုပ်ငန်းများအား ခွင့်ပြုရန်ပုံငွေအရ ဦးစားပေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ( သြဘာသံများ)

**သထုံစိုက်ပျိုးရေးသိပ္ပံကို တက္ကသိုလ်အဆင့်မြှင့်တင်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်းက မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောဘသိန်း(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ သထုံစိုက်ပျိုးရေးသိပ္ပံအား စိုက်ပျိုးရေး တက္ကသိုလ်အဖြစ်သို့ အဆင့်မြှင့်ပေးရန် ရှိ၊ မရှိကို မေးမြန်းမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သထုံစိုက်ပျိုးရေးသိပ္ပံကို ၁၉၆၇ ခုနှစ်မှာ စတင်ဖွင့်လှစ် တည်ထောင်ခဲ့ပါတယ်။ အဲဒီအချိန်အခါမှာ ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံနဲ့ သထုံစိုက်ပျိုးရေးသိပ္ပံ၊ သိပ္ပံနှစ်ခုသာ တည်ရှိခဲ့ပါတယ်။ နောင်ကာလများမှသာ သက်ဆိုင်ရာတိုင်းဒေသကြီးတွေမှာရှိတဲ့ စိုက်ပျိုးရေးအထက်တန်းကျောင်းများမှ သင့်တော်တဲ့ကျောင်းများကို အဆင့်မြှင့်ပေး ခဲ့တဲ့အတွက် စိုက်ပျိုးရေးသိပ္ပံ ခုနစ်ခုထိကို တိုးမြှင့်ခဲ့ပါတယ်။ သို့သော် စိုက်ပျိုးရေးတက္ကသိုလ်အနေနဲ့ အထက်မြန်မာပြည်မှာသာလျှင် စိုက်ပျိုးရေးတက္ကသိုလ် တစ်ခုသာလျှင် တည်ရှိခဲ့ပါတယ်။ အခုအခါမှာ စိုက်ပျိုးရေးနည်းပညာများက တိုးတက်လာတဲ့အတွက် ကြောင့်မို့လို့ အိမ်နီးနားချင်းနိုင်ငံများဖြစ်တဲ့ တရုတ်နိုင်ငံ၊ ယိုးဒယားနိုင်ငံများမှ သစ်သီးဝလံပန်းမန်များဟာဆိုလို့ရှိရင် ကျွန်တော်တို့မြန်မာပြည် ဈေးကွက်ကို ဝင်ရောက်ထိုးဖောက်ပြီး ရောင်းချနေတာကိုလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ စိုက်ပျိုးရေးသိပ္ပံများမှ အရည်အချင်းပြည့်မီတဲ့ ပုဂ္ဂိုလ်များကိုလည်း နည်းပညာ တိုးတက်ဖို့အတွက်ကို အစ္စရေးနိုင်ငံကိုလည်း စေလွှတ်ထားတာများကိုလည်း သိရှိခဲ့ရပါတယ်။ ဒါကြောင့်မို့ နိုင်ငံအနေနဲ့ စီးပွားရေးဦးတည်ချက်မှာပါရှိတဲ့ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးလုပ်ငန်းများကိုလည်း ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်အံ့ဆိုတဲ့ ဆောင်ပုဒ်နဲ့ အညီ ကျွန်တော်တို့နိုင်ငံအနေနဲ့ နည်းပညာတိုးတက်တဲ့ စိုက်ပျိုးရေးနည်းကောင်းများကို ပြုလုပ်နိုင် တဲ့ပုဂ္ဂိုလ်များ မွေးထုတ်နိုင်ရန်အတွက် သထုံစိုက်ပျိုးရေးသိပ္ပံအား စိုက်ပျိုးရေးတက္ကသိုလ် အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုပါတယ်။ အကယ်၍ တိုးမြှင့်ပေးမည်ဆိုပါက မည်သည့် အချိန်မှာ တိုးမြှင့်ပေးမည်နဲ့ မတိုးမြှင့်ပေးနိုင်ပါဘူးဆိုပါကလည်း မည်သည့်အတွက်ကြောင့် မတိုးမြှင့် ပေးနိုင်သည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ တင်ပြမေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောဘသိန်းမေးမြန်းတဲ့ အဆင့်မြင့်စိုက်ပျိုးရေး နည်းပညာကောင်းများကို တတ်ကျွမ်း သောသူများမွေးထုတ်နိုင်ရန် အလို့ငှာ အောက်မြန်မာပြည်၌ ဖွင့်လှစ်ခဲ့သော သထုံစိုက်ပျိုးရေးသိပ္ပံအား စိုက်ပျိုးရေးတက္ကသိုလ်အဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိမရှိဆိုတဲ့မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် တစ်ကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံခုနှစ်ကျောင်း၊ သီးနှံအထူးပြုသင်တန်းကျောင်း နှစ်ကျောင်း ဖွင့်လှစ်ပြီး စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးလျက်ရှိပါတယ်။ ယခုဆိုရင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အောက်တွင် သီးနှံအထူးပြုကျောင်းခွဲများကို မှော်ဘီမြို့၊ လှည်းကူးမြို့၊ မုဒုံမြို့နယ်ဖားအောက်၊ ဖြူးမြို့နယ်ညောင်ပင်သာ၊ မကွေးမြို့၊ ကျောက်ဆည်မြို့နယ်လွန်ကျော်နှင့် အောင်ပန်းမြို့တို့တွင် အသီးသီးဖွင့်လှစ်ပို့ချလျက်ရှိပါတယ်။ ယခုအချိန်ထိ စိုက်ပျိုးရေးပညာဘွဲ့ရ ၉၅၁၆ ဦး၊ မဟာသိပ္ပံဘွဲ့ရ ၂၇၅ ဦး၊ ပါရဂူဘွဲ့ရ ၂၁ ဦး၊ မွေးထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒေသအလိုက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေး စိုက်ပျိုးရေးနည်းပညာများကို အသက် မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လက်တွေ့အသုံးချ ဆောင်ရွက်နိုင်ရေးအတွက်လည်း စိုက်ပျိုးရေး သိပ္ပံခုနှစ်ကျောင်းကို မြောင်းမြမြို့၊ သာယာဝတီမြို့၊ ပျဉ်းမနားမြို့၊ ပုသိမ်ကြီးမြို့၊ ပွင့်ဖြူမြို့၊ ရွှေဘိုမြို့နှင့်

သထုံမြို့များတွင် ဖွင့်လှစ်ထားပြီး စိုက်ပျိုးရေး ဒီပလိုမာဘွဲ့ရ ၉၇၇၆ ဦးကို မွေးထုတ်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံတို့၏ သဘောသဘာဝမှာ အနည်းငယ် ကွာခြားမှု ရှိပါတယ်။ တက္ကသိုလ်အနေနဲ့ Academic ပိုင်းကို အဓိကအလေးထားသင်ကြားပေးပြီး စိုက်ပျိုးရေးသိပ္ပံတွေမှာတော့ စိုက်ပျိုးရေးပညာရပ်တွေကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လက်တွေ့အသုံးချ ဆောင်ရွက်နိုင်အောင်သင်ကြားပေးတာကို ဦးစွာတင်ပြလိုပါတယ်။ စိုက်ပျိုးရေး တက္ကသိုလ်တစ်ခု အသစ်ထပ်မံဖွင့်လှစ်ရေးမှာလည်း နိုင်ငံတော်ရဲ့ဘဏ္ဍာရေး ဦးစားပေးမှုအခြေအနေ၊ သင်ကြားရေးအပိုင်း၊ စီမံခန့်ခွဲနိုင်မှုအခြေအနေနဲ့ မြေနေရာ၊ အဆောက်အဦ၊ လုံလောက်တဲ့ ကျောင်းသားဦးရေများနှင့် ပြည့်စုံမှသာ ရင်းနှီးမြှုပ်နှံရကျိုးနပ်မှာ ဖြစ်ပါတယ်။ လက်ရှိဖွင့်လှစ်ထားတဲ့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နဲ့ စိုက်ပျိုးရေးသိပ္ပံများအနေနဲ့ စိုက်ပျိုးရေးပညာရှင်များ လုံလောက်စွာ လေ့ကျင့်မွေးထုတ်ပေးနိုင်တဲ့ အခြေအနေရှိသည့်အတွက် လောလောဆယ်မှာ စိုက်ပျိုးရေးတက္ကသိုလ် တစ်ခု အသစ်ထပ်မံဖွင့်လှစ်ရေးအတွက် အစီအစဉ်မရှိသေးပါကြောင်းနဲ့ နောင်ဖြစ်လာမယ့် အခြေအနေများအရ ဖွင့်လှစ်ရန် လိုအပ်သည့်အခါတွင် စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေရှင်းအပ်ပါတယ်။ (သြဘာသံများ)

**အုတ်ဖိုမြို့ပေါ်ရပ်ကွက်များ နှစ်စဉ်ရေကြီးမှုကာကွယ်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ထွေး(အုတ်ဖိုမဲဆန္ဒနယ်)**။ ။ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာနံနက်ခင်းမှာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်တော့် အနေနဲ့ ပထမဦးစွာ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူများရဲ့ လိုလားချက်ဖြစ်တဲ့ အုတ်ဖိုမြို့ပေါ် ရပ်ကွက်များ နှစ်စဉ်ရေကြီးမှုများကို ကာကွယ်ကူညီပေးနိုင်ပါရန်နှင့်ပတ်သက်ပြီး မေးမြန်းတင်ပြ သွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အုတ်ဖိုမြို့ပေါ်မှာ ရပ်ကွက် ခြောက် ရပ်ကွက်ရှိပြီး လူဦးရေ ၁၂၀၀၀ ကျော်စုစည်းနေထိုင်နိုင်တဲ့ မြို့ပေါ်ရပ်ကွက်များလည်း ဖြစ်ပါတယ်။ မြို့ပေါ်ရပ်ကွက်များကို မြို့ရဲ့မြောက်ဘက်မှာ ပတ်ခွေစီးဆင်းလာတဲ့ ဂမုန်းချောင်း ရှိပါတယ်။ ယင်းဂမုန်းချောင်းကို အရှည်နှစ်မိုင်ခွဲရှိတဲ့ ရေကာတာကြီးနဲ့ ကာထားရပါတယ်။ မြို့ပေါ်

ရပ်ကွက်များကို အရှေ့ဘက်မှ တိုက်ရိုက်စီးဝင်တဲ့ ကတက်ချောင်း၊ လင်းနို့ရိုးချောင်းနဲ့ မြို့ရဲ့တောင်ဘက်ကို စီးဆင်းသွားတဲ့ သဖန်းပင်ဆိပ်ချောင်းများရဲ့ နှစ်စဉ်ရေလျှံမှုကြောင့် ကျွန်တော်တို့ အုတ်ဖိုမြို့နယ်ဟာ၊ မြေကြီး မြေပုံအရ နိမ့်လျက်ရှိတဲ့အတွက် မြို့ပေါ်ခြောက်ရပ်ကွက်ကို နှစ်စဉ်နှစ်ပေမှသုံးပေကျော်အထိ နစ်မြုပ်လျက်ရှိပါတယ်။ ထိုကဲ့သို့ ရေကြီးနစ်မြုပ်မှုများကြောင့် ကတ္တရာလမ်းများ၊ ဂဝံလမ်းများ နှစ်စဉ်ပျက်စီးဆုံးရှုံးနေရပါတယ်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အနေနဲ့လည်း ကျွန်တော်တို့ အုတ်ဖိုမြို့နယ်ဟာ"ဃ"အဆင့် မြို့နယ်ဖြစ်တဲ့အတွက် နှစ်စဉ်ရရှိတဲ့ ရန်ပုံငွေကျပ်သိန်း ၁၁၇၀ သာရရှိတဲ့အတွက် အုတ်ဖိုတာဆုံနှစ်မိုင်လမ်းကိုပြုပြင်ရခြင်း၊ မြို့သာယာရေး လုပ်ငန်းများ၊ ကျေးလက်လမ်းများ၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို အလှည့်ကျလုပ်ဆောင်နေရတဲ့အတွက် ကျွန်တော်တို့ မြို့ပေါ် ၆ ရပ်ကွက်ရှိလမ်းများမှာ လွန်စွာပဲဆိုးရွားစွာပျက်စီးနေကြရပါတယ်။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းကဲ့သို့ ကျွန်တော်တို့ အုတ်ဖိုမြို့ပေါ် ရပ်ကွက်များနှစ်စဉ် ရေကြီးနစ်မြုပ်မှုများကို သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် ဌာနများ၊ မြို့မိမြို့ဖများ၊ ပြည်သူများအနေဖြင့်လည်း ကိုယ့်အားကိုယ်ကိုးဖြင့် ရေစီးရေလာကောင်းမွန်ရေး အတွက် ရေကာတာများပြုပြင်မြေဖို့ခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းများကို အောင်သောင်း ထရန်စဖော်မာကုမ္ပဏီလီမိတက်ရဲ့ ယာဉ်ယန္တရားများ အကူအညီနဲ့ရယူပြီး ဆောင်ရွက်ခဲ့ကြပါတယ်။ သို့သော်လည်း ဒီလိုဆောင်ရွက်ရာမှာ အခက်အခဲများစွာ တွေ့ရှိနေရပါ၍ ကျွန်တော်တို့ အုတ်ဖိုမြို့ပေါ် ရပ်ကွက်များ နှစ်စဉ်ရေကြီးမှုနှင့်ပတ်သက်ပြီး ကျွန်တော် မေးမြန်းသိရှိလိုတာကတော့(၁) အုတ်ဖို မြို့၏ နှစ်စဉ်ရေကြီးနစ်မြုပ်မှုကို နိုင်ငံတော်မှသိရှိပါသလား။ (၂)ယင်းအခက်အခဲများကို ကူညီဆောင်ရွက် ပေးရန်အစီအစဉ်ရှိပါသလား။ (၃)ဆောင်ရွက်ပေးရန်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေး မည်ဆိုတာကိုသိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး၏ မိုးတွင်းအခါ အုတ်ဖိုမြို့ပေါ်ရပ်ကွက်များ နှစ်စဉ် ရေကြီးနစ်မြုပ်နေခြင်းအန္တရာယ်အား နိုင်ငံတော်မှ ကူညီပံ့ပိုးပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ။ ရှိပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက် ပေးမည်ဟူသော မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ အုတ်ဖိုမြို့ပေါ် ရပ်ကွက်များ နှစ်စဉ်ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် အုတ်ဖိုမြို့နယ်၊ ဂမုန်းချောင်း

ပေါ်တွင် ရေလှောင်တမံကို ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သဖြင့် ရေပမာဏ ၆၂၀၀၀ ဧကပေကို ထိန်းသိမ်းသိုလှောင်ထားနိုင်ပြီဖြစ်၍ အုတ်ဖိုမြို့ပေါ် အနိမ့်ပိုင်း ၆ ရပ်ကွက်နှင့် မြို့အဝင် လမ်းရေကျော်မှုကို အထိုက်အလျောက် ကာကွယ်ပေးနိုင်ပြီးဖြစ်ပါတယ်။ ဂမုန်းချောင်းနှင့် ကတက်ချောင်းမှ ရေပိုများသည် အုတ်ဖိုမြို့အရှေ့ဘက်ရှိ လင်းနို့ရိုးရေလွှဲမြောင်းအတွင်းမှ မြို့၏တောင်ဘက်ရှိ မြောင်ချောင်းအတွင်းသို့ ဖြတ်သန်းပြီး မြို့၏အနောက်ဘက်ရှိ မြစ်မခမြစ်အတွင်းသို့ စီးဆင်းစေခြင်းဖြင့် မြို့ကို ရေလျှံခြင်းမှ ကာကွယ်ပေးလျက်ရှိပါတယ်။ ယခုနှစ် မိုးရာသီ ဇူလိုင်လတွင် စုစုပေါင်း ၂၃ ရက်၊ မိုးရေချိန် ၁၆.၉ လက်မရွာသွန်းခဲ့ပြီး နှစ်ကြိမ်ရေကြီးခဲ့ပါတယ်။ စက်တင်ဘာလ ၁၃ ရက်နေ့ တစ်ရက်တည်းမှာပင် မိုးရေချိန် ၄.၇ လက်မစံချိန်တင်ရွာသွန်းခဲ့သောကြောင့် မိုးရွာသွန်းမှုများပြားပြီး တောင်ကျချောင်းရေ များပြားသဖြင့် ဂမုန်းချောင်း၊ ကတက်ချောင်းများမှရေများသည် လင်းနို့ရိုး ရေလွှဲမြောင်းမှတစ်ဆင့် မြောင်ချောင်းအတွင်းသို့ ပုံမှန်စီးဝင်သည့်အပြင် လင်းနို့ရိုးရေလွှဲမြောင်း မှာလည်းကျဉ်း၍ တိမ်ကောလာသည့်အတွက် ဂမုန်းချောင်း၊ ကတက်ချောင်းများမှ မြို့သို့တိုက်ရိုက် ဖြတ်သန်းစီးဝင်၍ ရေလျှံခြင်းဖြစ်ပါတယ်။ ထို့အပြင် အုတ်ဖိုမြို့နယ်အရှေ့ဘက်မှ စီးဝင်လာသော ဂမုန်းချောင်းမှရေသည် မြစ်မခမြစ်အတွင်းသို့ စီးဝင်ပြီး ဂမုန်းချောင်း ရေကြီးရေလျှံမှုကို ကာကွယ်ရန် အုတ်ဖိုမြို့ မြို့ပတ်တာတည်ဆောက်ထားသဖြင့် ရေကြီးမှုကို အထိုက်အလျောက် ကာကွယ်ပေးနိုင်ပြီ ဖြစ်ပါတယ်။ ကတက်ချောင်းသည် အုတ်ဖိုမြို့နယ်အနီးဖြတ်ပြီး ဂမုန်းချောင်းအတွင်းသို့ စီးဝင်ခြင်း၊ ၎င်းချောင်းသည် ရေနုတ်အားကောင်းခြင်းတို့ကြောင့် ရေကြီးမှုကို ဖြစ်ပေါ်စေနိုင်ခြင်း မရှိပါ။ ရေစီးရေလာကောင်းမွန်စေရန် လင်းနို့ရိုး သုံးမိုင်ခန့်နှင့် သဖန်းပင်ဆိပ်ချောင်း ငါးမိုင်ခန့်ကို ပြန်လည် တူးဖော်ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အုတ်ဖိုမြို့နယ်အတွင်း ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း များကို စည်ပင်သာယာရေးဦးစီးဌာနနှင့်ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လင်းနို့ရိုး နှင့်သဖန်းပင်ဆိပ်ချောင်းတို့အား ပြန်လည်တူးဖော်ပေးနိုင်ရန်အတွက် စူးစမ်းလေ့လာခြင်းနှင့် မြေပြင် တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးမှသာလျှင် ဒီဇိုင်းပုံစံများထုတ်လုပ်၍ လုပ်ငန်းများဆောင်ရွက် နိုင်ရန်အတွက် နိုင်ငံတော်အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံ၍ နိုင်ငံတော်အစိုးရအဖွဲ့၏ ဦးစားပေးလုပ်ငန်း အစီအစဉ်များအရ ရန်ပုံငွေခွဲဝေခွင့်ပြုပေးနိုင်မှုအပေါ် မူတည်၍ ဦးစားပေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြား အပ်ပါတယ်။ (သြဘာသံများ)

**မြေခွန်နှုန်းထားများကို ခေတ်ကာလနှင့်အညီ ပြောင်းလဲပြင်ဆင်သတ်မှတ်ရန် ရှိမရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးဌေးဝင်း၊လယ်ဝေးမဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဌေးဝင်း(လယ်ဝေးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြေခွန်နှုန်းထားများနဲ့ပတ်သက်ပြီး သိရှိလိုတဲ့မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးအတည်ပြုပြီးဖြစ်တဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေမှာ တောင်သူလယ်သမားများရဲ့ အခွင့်အရေးများကို ကာကွယ်ရန် ပြဋ္ဌာန်းထားတဲ့အပြင် လယ်ယာမြေလုပ်ပိုင်ခွင့်များအား မိမိတို့ဆန္ဒအလျောက် အငှားချထားခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ အမွေဆက်ခံခြင်း၊ အပြီးအပိုင်လွှဲပြောင်းပေးခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းပေးခြင်းတို့ကို ခွင့်ပြုသည့် အခွင့်အရေးများ ပေးထားတာကို တွေ့ရပါတယ်။ တောင်သူလယ်သမားများအတွက် များစွာအကျိုးရှိတဲ့ ပြဋ္ဌာန်းချက်များဖြစ်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီဥပဒေမှာ ကျွန်တော်တို့မြေခွန်ကောက်ခံခြင်းအတွက် ပြဋ္ဌာန်းချက်တစ်စုံတစ်ရာတော့ မတွေ့ရှိရပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိနိုင်ငံတော်မှာကောက်ခံနေတဲ့ မြေခွန်နှုန်းထားများကို လေ့လာတဲ့အခါမှာ ဗြိတိသျှအစိုးရလက်ထက် ၁၉၀၉ ခုနှစ်မှ ၁၉၄၀ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့တဲ့ ကြေးတိုင်စိုက်ခြင်းလုပ်ငန်းများအရ မြေခွန်နှုန်းထားများကို တစ်ဧကပျမ်းမျှ အသားတင်အကျိုးအမြတ်၏ သင့်တော်သောအချိုးကို ပေးစွမ်းနိုင်သော အင်အားကိုအခြေခံ၍ သတ်မှတ်ခဲ့ကြောင်းသိရှိရပါတယ်။ ယခုအခါမှာ ဗြိတိသျှအုပ်ချုပ်စဉ်ကာလက သတ်မှတ်ခဲ့တဲ့အတိုင်း မြေမျိုးကြီးအလိုက် တစ်ဧကပျမ်းမျှ စည်းကြပ်နှုန်းမှာ တစ်နှစ်လျှင် လယ်မြေဆည်ရေသောက်ကို ၄ကျပ် ၂၅ ပြား၊ လယ်မြေမိုးကောင်းသောက်ကို ၂ ကျပ် ၆၅ ပြား၊ ယာမြေတစ်ဧကကို ၁ ကျပ် ၃ ပြား၊ ကိုင်းကျွန်းမြေ ၂ ကျပ် ၄၆ ပြားနဲ့ ဥယျာဉ်ခြံမြေ ၂ ကျပ် ၆၇ ပြား၊ ဓနိ ၄ ကျပ် ၃၄ ပြားနှင့် တောင်ယာ ၁ ကျပ် ၃၇ ပြားဖြစ်ကြောင်းကို သိရှိရပါတယ်။ ယခုအခါမှာ နိုင်ငံတော်မှာ ခုနှစ်အလိုက် မြေခွန်စည်းကြပ်ရငွေ တစ်ဧကပျမ်းမျှ မြေခွန်နှုန်းထားများကို လေ့လာကြည့်ရာမှာ ၁၉၈၈-၁၉၈၉ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း

တစ်ဧကတစ်နှစ်ပျမ်းမျှကောက်ခံရရှိတဲ့နှုန်းဟာ ၂ ကျပ် ၅၀ ပြားမှ ၄ ကျပ် ၈၀ ပြား အကြားမှာရှိတာကို တွေ့ရှိရပါတယ်။ ယင်းမြေခွန်စည်းကြပ်မှုများဟာ ဗြိတိသျှများအုပ်ချုပ်ခဲ့စဉ်ကာလက သတ်မှတ်ခဲ့တဲ့ မြေခွန်နှုန်းထားများအတိုင်း ကောက်ခံဆဲဖြစ်ကြောင်းကိုတွေ့ရှိရပါတယ်။ ထိုစဉ်အခါက စပါးဈေးဟာ တစ်တင်းကို ၁ ကျပ်နှုန်းနဲ့ တင်း ၁၀၀ မှာ ကျပ် ၁၀၀ သာ ဈေးရရှိတဲ့ကာလမှာ စည်းကြပ်မှုအဖြစ် တွေ့ရှိရပါတယ်။ ယခုအခါ လယ်ယာကဏ္ဍမှာ တစ်နှစ်လျှင် တစ်သီးမှနှစ်သီး အချို့ဒေသမှာ သုံးသီး အထိ တိုးတက်စိုက်ပျိုးနိုင်ကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ယခုအခါမှာ နည်းပညာတိုးတက်လာမှု၊ သီးနှံဈေးနှုန်းများမြင့်မားလာမှုနှင့် တောင်သူများကြိုးပမ်းစိုက်ပျိုးလာမှုတို့ကြောင့် ပျမ်းမျှတစ်ဧက လျှင် စပါးတင်း ၇၀ ထွက်ရှိလာပြီး တစ်ဧက တင်း ၁၀၀ ထွက်ရှိရန်လည်း ပန်းတိုင်အထွက်နှုန်းကို မျှော်မှန်းလုပ်ကိုင်လျက်ရှိကြောင်း၊ ဈေးနှုန်းမှာလည်း စပါးတစ်တင်း ၁ ကျပ်ဈေးမှ စပါးတစ်တင်း ၃၀၀၀ ကျပ်ခန့် ဖြစ်လာချိန်မှာ ကိုလိုနီခေတ်ကာလအတိုင်း မြေခွန်ကောက်ခံမည်ဆိုပါက နိုင်ငံတော်အနေနဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်ပေးရတဲ့ ကုန်ကျစရိတ်နဲ့အဆပေါင်းများစွာ ကွာခြားနေကြောင်း ယနေ့ခေတ်အခြေအနေနဲ့ လိုက်လျောညီထွေမရှိတော့သည့်အတွက် မြေယာခွန် များကို တောင်သူများအား ဝန်ထုပ်ဝန်ပိုးမပိစေဘဲ တိုးမြှင့်ကောက်ခံရန် အစီအစဉ်ရှိကြောင်း သတင်းများ ကြားသိရပါတယ်။ ဒါ့ကြောင့် ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ တောင်သူလယ်သမား များအတွက် ဝန်ထုပ်ဝန်ပိုးမပိစေသော သင့်တင့်မျှတသည့် မြေယာခွန်တိုးမြှင့်ကောက်ခံရန် အစီအစဉ် ရှိ၊ မရှိ။ မရှိလျှင် မည်သည့်အတွက်ကြောင့်နည်း။ ရှိလျှင်မည်ကဲ့သို့ ဆောင်ရွက်သွားမည်နည်း သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။လေးစားအပ်ပါ သောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ လယ်ဝေးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဒွေးဝင်းမေးခွန်းကို ဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး၏မေးခွန်းတွင် (က) တောင်သူလယ်သမားများအတွက် ဝန်ထုပ်ဝန်ပိုးမပိစေသော သင့်တင့်မျှတသည့် မြေယာခွန်တိုးမြှင့်ကောက်ခံရန်အစီအစဉ်ရှိ၊မရှိ။ (ခ) မရှိလျှင်မည်သည့်အတွက် ကြောင့်နည်း။ (ဂ) ရှိလျှင်မည်သို့ဆောင်ရွက်မည်နည်းဟုတွေ့ရှိရပါတယ်။ ပထမမေးခွန်းကို ဖြေကြား ရလျှင် လက်ရှိစည်းကြပ်ကောက်ခံနေသော မြေခွန်နှုန်းထားများမှာ ကိုယ်စားလှယ်တော်ကြီး၏ ကနဦး တင်ပြချက်တွင် ပါရှိသည့်အတိုင်း ကိုလိုနီခေတ်၊ ဗြိတိသျှအစိုးရလက်ထက်ကတည်းက နှုန်းထားများ

ဖြစ်ပြီး ယင်းနှုန်းထားများမှာ စပါးတင်း ၁၀၀ ကို မြန်မာငွေ ၁၀၀ကျပ်နှုန်းနှင့် ရွှေတစ်ကျပ်သားကို ၃၅ ကျပ်ခန့်ဖြင့် ဝယ်ယူနိုင်ခဲ့သည့် ခေတ်ကာလကပေးဆောင်ခဲ့ရသော မြေခွန်နှုန်းထားများအတိုင်း ဖြစ်နေပါတယ်။ မြေခွန်နှုန်းထားများသတ်မှတ်နိုင်ရေးအတွက် ကြေးတိုင်စိုက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရပါတယ်။ ကြေးတိုင်စိုက်ခြင်းလုပ်ငန်းကို သာမန်အားဖြင့် အနှစ် ၂၀ လျှင် တစ်ကြိမ် ပြန်လည်ဆောင်ရွက်ရမည်ဖြစ်သော်လည်း ၁၉၃၈ ခုနှစ်မှ ၁၉၄၀ ခုနှစ်အထိ မြောင်းမြခရိုင်၌ နောက်ဆုံးကြေးတိုင်စိုက်ခဲ့ပြီးနောက် ဆက်လက်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိဘဲ ယခင်မြေခွန်နှုန်းထားများဖြင့် ဆက်လက်စည်းကြပ်ကောက်ခံလျက်ရှိနေသည်ကို တွေ့ရှိရပါတယ်။ မြေခွန်နှုန်းသတ်မှတ်ရာတွင် သီးနှံအထွက်တူ၊ ဈေးနှုန်းတူ၊ ပထဝီအနေအထားတူ၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်တူသည့် ဒေသများကို အခြေပြု၍ မြေခွန်စည်းကြပ်ခြင်း၊ ရပ်ကွက်ခွဲခြား သတ်မှတ်ရသည့်အပြင် စိုက်ပျိုးသည့် သီးနှံအပေါ်မူတည်၍ မြေမျိုးကြီးခွဲခြားခြင်းလုပ်ငန်းကို ဆောင်ရွက်ပါတယ်။ ယင်းသို့ဆောင်ရွက်ရာတွင် လုပ်ကွက်ဦးပိုင်၊ နယ်နိမိတ်ခြားစိစစ်ခြင်း၊ လယ်ယာမြေကိုအခြားနည်း အသုံးပြုခြင်းစိစစ်ခြင်း၊ မြေမျိုးအတန်းအစား သတ်မှတ်ခြင်းနှင့်ပြင်ဆင်ခြင်း၊ စံကွက်ရိတ်သိမ်းခြင်းနှင့် အထွက်နှုန်းစုံစမ်းခြင်း၊ သီးနှံတလင်းပေါက်ဈေးနှုန်းစုံစမ်းခြင်း၊ သီးနှံတစ်ဧကစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်ကောက်ယူခြင်း၊ အသားတင်အကျိုးအမြတ် တွက်ချက်စိစစ်တည်းဖြတ်ခြင်းစသည့် အချက်များအပါအဝင် လယ်ယာစီးပွားရေးစစ်တမ်းများ အသေးစိတ်ကောက်ယူပြီး ဆောင်ရွက်ရသည့်အတွက် အချိန်ကာလ သုံးနှစ်မှငါးနှစ်အထိ ကြာမြင့်ကြောင်း တွေ့ရှိရပါတယ်။ ၁၉၀၉ ခုနှစ်မှ ၁၉၄၀ခုနှစ်အတွင်း ကြေးတိုင်စိုက်စဉ်အခါက သတ်မှတ်ရမည့် မြေခွန်နှုန်းထားမှာ သင့်တင့်မျှတမှုဖြစ်စေရန် ဒေသ၏ရေမြေသဘာဝနှင့် ပကတိတည်ရှိသောအခြေအနေကို ယထာဘူတကျကျ လေ့လာသုံးသပ်ပြီး ကိန်းဂဏန်းအချိုးအစားအရမဟုတ်ဘဲ စီးပွားရေးအခြေအနေအရ ပေးနိုင်စွမ်းအပေါ်အခြေခံ၍ လယ်မြေကို အသားတင် အကျိုးအမြတ်၏ လေးပုံတစ်ပုံ၊ ယာမြေကိုရှစ်ပုံတစ်ပုံ၊ ကိုင်းမြေကို ရှစ်ပုံတစ်ပုံနှင့် အထူးသီးနှံများအတွက် လေးပုံတစ်ပုံ အချိုးအစားဖြင့် အမြင့်ဆုံးမြေခွန်နှုန်းထားအဖြစ် သတ်မှတ်ခဲ့ကြခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ယခင်ခေတ်ကာလက သတ်မှတ်ခဲ့သော မြေခွန်နှုန်းထားများမှာ မြေမျိုးအလိုက် အသေးစိတ်သတ်မှတ်ခဲ့ပြီး ယခုလက်ရှိ ပကတိအစဉ်အဆက် အသုံးပြုလျက်ရှိရာ လယ်မြေ (ဆည်ရေသောက်)တစ်ဧကကို အမြင့်ဆုံး ၉ ကျပ် ၇၅ ပြား နှင့် အနိမ့်ဆုံး ၁ ကျပ် ၂၅ ပြား၊ လယ်မြေ (မိုးကောင်းသောက်)ကို တစ်ဧကအမြင့်ဆုံး ၇ ကျပ် ၂၅ ပြားနှင့် အနိမ့်ဆုံး ၂၅ ပြား၊ ယာမြေကို တစ်ဧကအမြင့်ဆုံး ၅ ကျပ်နှင့် အနိမ့်ဆုံး ၂၅ ပြား။ ကိုင်း/ကျွန်းမြေကိုတစ်ဧက အမြင့်ဆုံး ၅ ကျပ်နှင့် အနိမ့်ဆုံး ၂၅ ပြား၊ ဥယျာဉ်မြေ(ဆည်ရေသောက်)ကို တစ်ဧကအမြင့်ဆုံး ၂၅ ကျပ်

နှင့်အနိမ့်ဆုံး ၃ ကျပ် ၅ ပြား၊ ဥယျာဉ်မြေကိုတစ်ဧကအမြင့်ဆုံး ၁၂ ကျပ်နှင့် အနိမ့်ဆုံး ၁ ကျပ်၊ ဓနိမြေကိုတစ်ဧက အမြင့်ဆုံး ၆ ကျပ်နှင့် အနိမ့်ဆုံး ၁ ကျပ် ၅၀ ပြား၊ မြေမျိုးနှုန်းမသတ်မှတ်ရသေး သောဒေသများတွင် မြေမျိုးကြီးအားလုံးအတွက် တစ်နှစ်လျှင်တစ်ဧက စည်းကြပ်နှုန်းမှာ စပါးသီးနှံ ဖြစ်ပါက တစ်ဧက ၁ ကျပ် ၅၀ ပြား နှင့် အခြားသီးနှံများဖြစ်က တစ်ဧက ၁ ကျပ်ဖြစ်သည့်အတွက် မြေမျိုးကြီးအလိုက်တစ်ဧက ပျမ်းမျှ စည်းကြပ်နှုန်းမှာ တစ်နှစ်လျှင် လယ်မြေ(ဆည်ရေသောက်) ၄ ကျပ် ၂၅ ပြား၊ လယ်မြေ (မိုးကောင်းသောက်) ၂ ကျပ် ၆၅ ပြား၊ ယာမြေ ၁ ကျပ် ၃ ပြား။ ကိုင်း/ကျွန်းမြေ ၂ ကျပ် ၄၆ ပြား၊ ဥယျာဉ်မြေ ၂ ကျပ် ၆၇ ပြား၊ ဓနိမြေ ၄ ကျပ် ၃၄ ပြားနှင့် တောင်ယာ ၁ ကျပ် ၃၇ ပြား ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ယနေ့ခေတ်ကာလ ပြောင်းလဲတိုးတက်နေသော အခြေအနေနှင့် လိုက်လျောညီထွေမှု လုံးဝမရှိတော့သည်ကို တွေ့ရှိရသည့်အတွက် ဈေးကွက်စီးပွားရေးစနစ်နှင့် ကိုက်ညီစွာ နိုင်ငံတော်၏အခွန်ဘဏ္ဍာငွေများ ရရှိနိုင်ရေးအတွက် ပြောင်းလဲသတ်မှတ်ပြင်ဆင်နိုင်ရန် အမှန်ပင်လိုအပ်လျက် ရှိနေပြီဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အထွက်တိုးမျိုးကောင်းမျိုးသန့်မျိုးစေ့များအသုံးပြုရေး၊ ဆည်ရေကို အကျိုးရှိစွာသုံးစွဲနိုင်ရေး၊ သိပ္ပံနည်းကျစိုက်ပျိုးစနစ်အသုံးပြုရေးနှင့် စိုက်ပျိုးရေးသုတေသနလုပ်ငန်း များကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် ဆည်ရေကိုအကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်မှ ၂၀၁၀-၂၀၁၁ခုနှစ်အထိ တည်ဆောက် ပေးခဲ့ပြီး ဆည်မြောင်း/တာတမံအရေအတွက်မှာ ၂၃၃ ခုရှိပြီး၊ ကုန်ကျစရိတ်ကျပ်သန်းပေါင်း ၂၉၈၅၅၆.၉၉ အကုန်အကျခံသုံးစွဲတည်ဆောက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ အထူးစီမံကိန်းများအနေဖြင့် ဆည်တမံ ၂၂ ခု တည်ဆောက်ရန် ကျန်ရှိပြီး ခန့်မှန်းကုန်ကျငွေ ကျပ်သန်းပေါင်း ၇၉၉၃၀၈ ထပ်မံကုန်ကျရန်နှင့် လက်ရှိတည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲ ဆည်တာတမံများတွင် ဆည်ရေသောက်စနစ်များအတွက် ရေသွင်းမြောင်းများပြုလုပ်ရန် ကျပ်သန်းပေါင်း ၉၇၀၇၀ ထပ်မံ ကုန်ကျရန် ငွေကြေးလိုအပ်ချက်ရှိနေကြောင်း တွေ့ရှိရပါတယ်။ နိုင်ငံတော်အနေဖြင့် ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများတွင် ဦးစားပေးဆောင်ရွက်နေသည့်အတွက် လယ်ယာကဏ္ဍ၊ ဆည်မြောင်း လုပ်ငန်းများ တိုးတက်ဆောင်ရွက်ရန်အတွက် ရန်ပုံငွေဖြည့်တင်းပေးနိုင်မည့် နည်းလမ်းလိုအပ်လျက် ရှိပါတယ်။ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး နှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးဟူသည့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တစ်နှစ်လျှင် သီးနှံတစ်သီးမှနှစ်သီး၊ အချို့ဒေသများတွင် သုံးသီးအထိ စိုက်ပျိုးမှုတိုးတက်လာသည့်အပြင် သီးနှံအထွက်နှုန်းများမှာလည်း

ပိုမိုတိုးတက်ထွက်ရှိလျက်ရှိပြီး စပါးတင်း ၁၀၀ ဈေးနှုန်းမှာ သုံးသိန်းမှ လေးသိန်းနှင့် ရွှေတစ်ကျပ်သား၏ ဈေးနှုန်းမှာလည်း ခုနစ်သိန်းကျော်၊ ရှစ်သိန်းနီးပါးအထိ တိုးတက်လျက်ရှိလာသည်ကို နှိုင်းယှဉ်တွေ့ရှိရပါတယ်။ ယခင်ခေတ်နှောင်းကာလက စပါးတစ်ဧကပျမ်းမျှအထွက်နှုန်း ၂၅ တင်းမှ ၃၀ တင်းခန့်ရှိခဲ့သော်လည်း ယခုအခါ အမှန်ကြိုးစားလျှင်တစ်ဧက စပါးတင်း ၁၀၀ ကျော်ထွက်ရှိနေပြီ ဖြစ်သည့်အတွက် မြေခွန်နှုန်းကို တစ်ဧကစပါးတစ်တင်း၏ဈေးနှုန်းဖြင့် တန်ဖိုးချိန်ဆသတ်မှတ်သင့်သော်လည်း စပါးတစ်ဧကတင်း ၁၀၀ အောက်ထွက်ရှိနေသော တောင်သူလယ်သမားများအတွက်ကိုမူ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ချိန်ဆသုံးသပ်တိုးမြှင့်သတ်မှတ်ရန် လိုအပ်မည်ဖြစ်ပါတယ်။ ဥပမာအားဖြင့် စပါးသီးနှံစိုက်ပျိုးသည့် လယ်မြေများအတွက် မြေခွန်နှုန်းကို ဆည်ရေသောက်လယ်မြေတွင် တစ်ဧက ၂၀၀၀ ကျပ်နှုန်း၊ မိုးကောင်းသောက်လယ်မြေတွင် အထွက်နှုန်းကောင်းသောလယ်မြေအတွက် ၁၅၀၀ ကျပ်နှုန်း၊ အထွက်နှုန်းသင့်လယ်မြေအတွက် ၁၀၀၀ ကျပ်နှုန်းနှင့် အထွက်နှုန်းညံ့လယ်မြေအတွက် ၅၀၀ ကျပ်နှုန်းနှင့် ယာနှင့်တောင်ယာမြေအတွက် တစ်ဧက ၃၀၀ ကျပ်နှုန်းကောက်ခံပါက လက်ရှိသီးနှံ စိုက်ပျိုးထွက်ရှိမှု၊ သီးနှံ၏ကာလပေါက်ဈေးနှင့် တောင်သူဝင်ငွေ အကျိုးအမြတ်ရရှိမှုအခြေအနေတို့အရ သင့်တင့်မျှတသော ပေးသွင်းနိုင်မည့် အခြေအနေတွင်ရှိကြောင်း လေ့လာသုံးသပ်ရရှိပါတယ်။ လက်ရှိတည်ဆဲမြေခွန်နှုန်းထားများဖြင့် စည်းကြပ်ကောက်ခံရာ၌ ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် ပြည်ထောင်စုတစ်ဝန်းလုံး မြေခွန်စည်းကြပ်ဧရိယာ ဧက ၂၆.၉၆ သန်းတွင် စည်းကြပ်ကောက်ခံငွေ ကျပ် ၁၂၉.၇၉ သန်းသာရရှိခဲ့ပါတယ်။ ယခု ဥပမာတင်ပြခဲ့သည့် မြေခွန်နှုန်းထားအတိုင်း ဆည်ရေသောက် လယ်မြေဧရိယာ ၁.၄၃၆ ဧကသန်းအား တစ်ဧကမြေခွန် ၂၀၀၀ ကျပ်နှုန်းဖြင့် မြေခွန်ကျပ် ၂၈၇၂ သန်း၊ မိုးကောင်းသောက် လယ်မြေဧရိယာမှ ကောင်းဟုသတ်မှတ်သော လယ်မြေဧရိယာ ၃.၈၃၉ သန်းအား တစ်ဧက ၁၅၀၀ ကျပ်နှုန်းဖြင့် မြေခွန် ကျပ် ၅၇၅၉ သန်း၊ သင့်ဟုသတ်မှတ်သော လယ်မြေဧရိယာ ၇.၄၆၅ သန်းအား တစ်ဧက ၁၀၀၀ ကျပ်နှုန်းဖြင့် မြေခွန်ကျပ် ၇၄၆၅ သန်း၊ ညံ့ဟုသတ်မှတ်သော လယ်မြေဧရိယာ ၂.၇၂၃ ဧကသန်းအတွက် တစ်ဧကလျှင် ၅၀၀ ကျပ်နှုန်းဖြင့် မြေခွန်ကျပ် ၁၃၆၂ သန်းနှင့် အခြားယာ၊ တောင်ယာ၊ ဥယျာဉ်၊ ဓနိစသည့် မြေဧရိယာ ၁၁.၄၉၇ ဧကသန်းအတွက် တစ်ဧက ၃၀၀ ကျပ်နှုန်းဖြင့် မြေခွန်ကျပ် ၃၄၄၉ သန်း၊ စုစုပေါင်း အကြမ်းဖျင်း မြေခွန်ကျပ် သန်းပေါင်း ၂၀၉၀၇ သန်းအထိ ဝင်ငွေတိုးတက်ရရှိလာမည် ဖြစ်ပါတယ်။ ယင်းသို့ တိုးတက်ရရှိလာမည့် မြေခွန်ငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဆည်မြောင်းတာတမံ တည်ဆောက်ရေးလုပ်ငန်းများအပြင် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအပါအဝင် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်များအတွက် နိုင်ငံတော်၏ အသုံးစရိတ်များကို

အထိုက်အလျောက် ကာမိစေနိုင်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယခုစည်းကြပ်ကောက်ခံနေသည့် လက်ရှိတည်ဆဲမြေခွန်နှုန်းထားများကို တိုးတက်ပြောင်းလဲလာသည့် ခေတ်ကာလအခြေအနေအရ တိုးမြှင့်ကောက်ခံသင့်ပါကြောင်း ကိုယ်စားလှယ်တော်၏ မေးခွန်းအား ရှင်းလင်းဖြေကြားအပ်ပါတယ်။ လက်ရှိမြေခွန်နှုန်းထားများ တွက်ချက်သတ်မှတ်ခဲ့ရာတွင် ကြေးတိုင်စိုက်ဒေသ မြေမျိုးကြီးများနှင့် မြေမျိုးအတန်းအစား ခွဲခြားသတ်မှတ်ခြင်းအပေါ် အခြေပြုလျက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ယခင် မြေမျိုးကြီးနှင့် မြေမျိုးအတန်းအစားများသည် ယနေ့ခေတ်တွင် ပြောင်းလဲတိုးတက်လာပြီဖြစ်သော သီးနှံမျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ၊ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းစနစ်များ၊ ဆည်မြောင်း၊ တာတမံနှင့် မြစ်ရေတင်လုပ်ငန်းများ တည်ဆောက်ပေးနေခြင်းတို့ကြောင့် ယခင်ရေမြေအနေအထား များနှင့်ကိုက်ညီခြင်းမရှိတော့ဘဲ လုံးဝခြားနားပြောင်းလဲသွားပြီ ဖြစ်ပါတယ်။ လက်ရှိမျက်မှောက်ခေတ် ကာလတွင် သီးနှံဈေးနှုန်းများ၊ အခြေခံစားကုန်များအပါအဝင် ကုန်ပစ္စည်းဈေးနှုန်းများ တိုးမြင့်လာခြင်း၊ ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် အခွန်အခများတိုး တက်လာခြင်းနှင့် ငွေကြေးဖောင်းပွမှုစသည့် အခြေခံအကြောင်းများကြောင့် ယခင်ခေတ်ကာလ မြေခွန်နှုန်းထားများသည် ယနေ့ခေတ်ကာလ အခြေအနေနှင့် လိုက်လျောညီထွေမရှိတော့သည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ လက်ရှိစည်းကြပ် ကောက်ခံနေသော မြေခွန်နှုန်းထားများအား ပြောင်းလဲပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် အခြေခံ ဖြစ်သည့် မြေမျိုးကြီးများနှင့် မြေမျိုးအတန်းအစားများ ပြောင်းလဲပြင်ဆင်သတ်မှတ်နိုင်ရန် လယ်ယာ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် မြေကြီး၊ မြေပုံနှင့်မြေစာရင်း မှန်ကန်ရေးလုပ်ငန်းဆောင်ရွက် ခြင်းလုပ်ငန်းများကို ဦးစားပေးအဆင့် အထူးစီမံချက်တစ်ရပ် ချမှတ်ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါတယ်။ မြေခွန်နှုန်းထား တိုးမြှင့်ပြင်ဆင်သတ်မှတ်ရာတွင် စပါးသီးနှံစိုက်ပျိုးမြေများအား ဆည်ရေသောက်ဧရိယာ၊ မိုးကောင်းသောက်ဧရိယာနှင့် ကောင်း၊ သင့်၊ ညံ့ အတန်းအစား ခွဲခြား သတ်မှတ်သည့်နည်းတူ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ ဝါ၊ ကြံစသည့် အခြားသီးနှံများ စိုက်ပျိုးသည့် မြေများကိုလည်း ရေမြေဒေသနှင့် သီးနှံထွက်ရှိမှုအခြေအနေအရ ကောင်း၊ သင့်၊ ညံ့ အတန်းအစား ခွဲခြားသတ်မှတ်သွားနိုင်မည်ဖြစ်ပါတယ်။ ထို့အပြင် ရာဘာ၊ ဆီအုန်း စသည့် နှစ်ရှည်ပင်စိုက်ပျိုးမှု အတွက် မြေခွန်နှုန်းကို သီးခြားသတ်မှတ်ပေးရန်နှင့် လက်ဖက်၊ ကော်ဖီစိုက်ပျိုးမြေများနှင့် သရက်၊ လိမ္မော်၊ လိုင်ချီးစသည့် ဥယျာဉ်ခြံ စိုက်ပျိုးမြေများကိုလည်း သင့်တင့်မျှတသော မြေခွန်နှုန်းထား အသီးသီးခွဲခြားသတ်မှတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းချက်အပေါ် မြေခွန်နှုန်းထားတိုးမြှင့် ပြင်ဆင်သတ်မှတ်ရေးအတွက် ဆောင်ရွက်ရန်နည်းလမ်းကို အကျဉ်းချုပ်တင်ပြရပါက နယ်မြေဒေသ၊

ရေမြေအခြေအနေနှင့် စိုက်ပျိုးသည့် သီးနှံအမျိုးအစားအရ ကောင်း၊ သင့်၊ ညံ့ အတန်းအစားများ ခွဲခြားပြီး တောင်သူလယ်သမားများအနေဖြင့် ဝန်ထုပ်ဝန်ပိုးမပိစေသော သင့်တင့်မျှတသော နှုန်းထားများဖြစ်စေရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တစ်ပြိုင်တည်း၊ တစ်ချိန်တည်း ပြင်ဆင်ကြေးတိုင် စိုက်ခြင်းလုပ်ငန်း၊ အကျဉ်းချုံးကြေးတိုင်စိုက်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ကြရန် ကြေးတိုင်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း၊ ဝန်ထမ်းအင်အားတိုးချဲ့ခန့်ထားခြင်းနှင့် လေ့ကျင့်ပေးခြင်းတို့ကို တစ်ပြိုင်တည်း လုပ်ဆောင်ရန် လိုအပ်သည့်အပြင် လုပ်ငန်းစီမံချက်ရေးဆွဲ၍ အချိန်ကာလအနည်းဆုံး နှစ်နှစ်မှ သုံးနှစ်အထိ အချိန်ယူသတ်မှတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မြေခွန်နှုန်းထားတိုးမြှင့်ပြင်ဆင်သတ်မှတ်ရေး တင်ပြချက်နှင့်စပ်လျဉ်း၍ အဖက်ဖက်မှ ချိန်ဆသုံးသပ်တွက်ချက်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ အဆိုပြုတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး စနစ်တကျစီမံချက် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားရန် လျော်ကန်သင့်မြတ်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**တောင်သမန်အင်း ပတ်လည်တွင် တိမ်မြုပ်ပျောက်ကွယ်နေသော လယ်ယာမြေများကိုပြန်လည်ဖော်ထုတ်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရ မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော် ယခုမေးမြန်းတင်ပြမယ့် မေးခွန်းဟာ တောင်သမန်အင်းကိစ္စဖြစ်ပြီး ဒီကိစ္စကို တောင်သူများက ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေးနဲ့မွေးမြူရေး၊ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့လည်း တင်ပြထားကြောင်းသိရှိရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီးအမရပူရမြို့နယ်မှာ သမိုင်းဝင်နေရာတစ်ခုဖြစ်တဲ့ တောင်သမန်အင်းနှင့် ပတ်ဝန်းကျင်ဟာ အထင်ကရနေရာတစ်ခုအဖြစ် တည်ရှိခဲ့ပါတယ်။ တောင်သမန်အင်းတွင် မြောက်အင်းနှင့် တောင်အင်းတို့ တည်ရှိပြီး အလယ်တွင် တိုင်ပေါင်း ၁၀၈၆ တိုင်၊ ၇.၈ ဖာလုံ ရှည်လျားသော သစ်သားဖြင့်ပြုလုပ်ထားတဲ့ ဦးပိန်တံတားဖြင့် ပိုင်းခြားထားပြီး သဘာဝအရ ရေဝေရေလဲဒေသကြီးအဖြစ် ထင်ရှားခဲ့ပါတယ်။ သဘာဝရေဝေရေလဲဒေသကြီးဖြစ်သဖြင့် မိုးတွင်းကာလမှာ တောင်သမန်အင်းသို့ ဝါဆိုလမှစတင်ပြီး တန်ဆောင်မုန်းလအထိရေများ

ဝင်ရောက်သောနေရာနှင့် တန်ဆောင်မုန်းလကုန်မှ နောင်နှစ် ဝါဆိုလအထိ ရှစ်လတိုင် ခြောက်သွေ့အေးမြသောနေရာတစ်ခုဖြစ်ခဲ့ပါတယ်။ ဒီလိုခြောက်သွေ့အေးမြတဲ့ ရှစ်လကာလအတွင်းမှာ ယခင်က တောင်သမန်အင်းပတ်လည်မှာ လယ်ယာမြေများကို ထွန်ယက်စိုက်ပျိုးကြသဖြင့် တောင်သမန်အင်းပတ်လည်တွင် ကြည့်ရှုမဆုံးနိုင်သော သဘာဝအလှရှုခင်းများ ဖြစ်ပေါ်ခဲ့ပါတယ်။ ယခင်အချိန်ကာလက တောင်သမန်အင်းပတ်ဝန်းကျင်အလှကို သုံးပန်လှ သို့မဟုတ် သုံးရာသီအလှဟု ခေါ်ဆိုခဲ့ကြပါတယ်။ နွေကာလမှာ နွေအလှ၊ မိုးကာလမှာ မိုးအလှနှင့် ဆောင်းကာလမှာ ဆောင်းအလှအဖြစ်ပေါ်လွင်ထင်ရှားရာဒေသဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများ အလွန်သဘောကျ နှစ်ခြိုက်သောနေရာတစ်ခုဖြစ်ခဲ့ပါတယ်။ တောင်သမန်အင်းနယ်နိမိတ်နှင့် ထိစပ်ဆက်စပ်နေတဲ့ ရပ်ကွက်၊ကျေးရွာများဟာ ပြည်ကြီးတံခွန် မြို့နယ်မှာ တံခွန်တိုင်ရပ်ကွက်၊ အမရပူရမြို့နယ်မှာ ရွှေဂွမ်းထုပ်ဆင်စွယ်ပိုးရပ်ကွက်၊ တောင်သမန် ကျေးရွာအုပ်စု၊ ခနုန်း၊ ဘိုးအုန်း၊ ပန်းချီ၊ ဟသ်ာကျေးရွာအုပ်စုများအပြင် အခြားကျေးရွာအုပ်စုများနဲ့လည်း သွယ်ဝိုက်၍ ဆက်စပ်နေသော ရေဝေရေလဲဒေသကြီးဖြစ်ပါတယ်။ ရေဝေရေလဲဒေသကြီးဖြစ်သဖြင့် ရေဝင်ပြီး အချိန်ကာလမှာ အပင်များ ရှင်သန်ကြီးထွားစေသော မြေဆီများကျန်ရစ်သော နေရာ၊ သဘာဝငှက်၊ တိရစ္ဆာန်များ ကျက်စားသောနေရာကြီးနှင့် သဘာဝဂေဟစနစ်ကိုထိန်းကျောင်းပေးသော ဒေသကြီးတစ်ခုဖြစ်ပါတယ်။

ရေဝေရေလဲဒေသဖြစ်သဖြင့် မိုးကာလရေဝင်ရောက်ချိန်မှာ သဘာဝရေချိုငါးမျိုးစိတ်များ ပေါက်ဖွားရာ နွေနဲ့ဆောင်းကာလ ရေကျချိန်တွင် ထွန်ယက်စိုက်ပျိုးနိုင်သော၊ မြေဆီများကျန်ရှိသော ဒေသကြီးဖြစ်ပါတယ်။ မြေဆီများကျန်ရှိသောဒေသကြီးဟာ တောင်သမန်အင်း ပတ်လည်မှာဖြစ်ထွန်းနေပြီး နွေနဲ့ဆောင်းကာလမှာ တောင်သမန်အင်း နယ်နိမိတ်နဲ့ထိစပ်နေသော ရပ်ကွက်၊ ကျေးရွာအုပ်စုများက ယခင်က စပါးများ၊ နှမ်းနှင့် မြေပဲပါဝင်သော ပဲမျိုးစုံနဲ့ အခြားသီးနှံများ စိုက်ပျိုးခဲ့တဲ့ဒေသကြီးဖြစ်ပြီး တောင်သူများဝင်ငွေတိုးကာ အကျိုးစီးပွားဖြစ်ထွန်းပြီး ကုသိုလ်ကောင်းမှု ဖြစ်ထွန်းရာ၊ အလှူပေးရာ ဒေသကြီးလည်းဖြစ်ပါတယ်။ ယခုအခါ တောင်သမန်အင်းကို သဘာဝရေဝေရေလဲဒေသ၏ အရေးပါသော ချောင်း၊ မြောင်းများကို ရေကန်များ၊ ရေထိန်းတံခါးများ ပြုလုပ်၍ တောင်သမန်အင်းကို ရာသီမပြတ် ရေများထည့်ထားမှုကြောင့် ဖော်ပြပါသဘာဝဂေဟစနစ်များ ပျက်ပြားလာခဲ့ပါတယ်။ တောင်သမန်အင်းပတ်လည်ရှိ တောင်သူလယ်သမားများ သမာအာဇီဝ လုပ်ကိုင်စားသောက်နေကြသော လယ်ယာမြေများ တိမ်မြုပ်ပျောက်ကွယ်နေရပါတယ်။ ယနေ့အချိန်တွင် နိုင်ငံတော်မှ တောင်သူလယ်သမားများအကျိုး ရှေးရှု၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအစီအစဉ်များ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ တောင်သမန်အင်း

ပတ်လည်ရှိ တောင်သူလယ်သမားများသည် မိမိတို့လယ်ယာမြေများကို ပြန်လည်လုပ်ကိုင်ဆောင်ရွက် နိုင်ခြင်းမရှိဘဲ စားဝတ်နေရေးအခက်အခဲနှင့် ရင်ဆိုင်နေရပြီး နိုင်ငံတော်မှချမှတ်လုပ်ဆောင်နေသော အချက်များ၏ အကျိုးကျေးဇူးများကို မခံစားရဘဲရှိနေပါတယ်။ နွေရာသီမှာ အမှန်တကယ် တောင်သမန်အင်း ရေဧရိယာဟာ ၁၀ ဧကလောက်သာရှိပြီး သဘာဝရေဝင်ချိန်မှာ အင်းရေ ဧရိယာဟာ လယ်ယာများအပေါ်ဖုံးလွှမ်း၍ ကျယ်ပြန့်ရမည်ဖြစ်ပါတယ်။ သို့ပါသော်လည်း ရာသီမပြတ်ရေများသွင်းထားမှုကြောင့် လယ်ယာမြေအများစု တိမ်မြုပ်ပျောက်ကွယ်နေရပါတယ်။ တောင်သမန်အင်းကို ရာသီမပြတ်ရေများ ဖြည့်တင်းထားရှိမှုကြောင့် ကျန်းမာရေးဆိုင်ရာအဖြစ် ခြင်များပေါက်ဖွားမှုများပြီး သွေးလွန်တုပ်ကွေးရောဂါများ၊ စက်မှုလုပ်ငန်းရှင်များ၏ စွန့်ပစ်ရေဆိုးများ ဝင်ရောက်သဖြင့် အင်းရေများ သန့်ရှင်းမှုမရှိခြင်း၊ ဒီရေဆိုးများကြောင့် တောင်သမန်အင်းမှာရှိတဲ့ ငါးများဟာ အနံ့ဆိုးများစွဲကပ်ပြီး စားသောက်ရာမှာ အန္တရာယ်ဖြစ်ပေါ်ခြင်း၊ သဘာဝဂေဟစနစ်များ ပျောက်ဆုံး၍ အချို့ငှက်မျိုးစိတ်နဲ့ သတ္တဝါများ မတွေ့ရှိရတော့ခြင်း ယနေ့အချိန်တွင် သဘာဝအရ ပေါက်ဖွားသော ငါးမျိုးစိတ်များ မတွေ့ရှိရခြင်းတို့ ဖြစ်ပေါ်နေပါတယ်။ အထူးသဖြင့် တောင်သမန်အင်း သို့ ရေများအဆက်မပြတ်ဖြည့်တင်းမှုကြောင့် ကမ္ဘာကျော် ဦးပိန်တံတား၏အခြေတိုင်များ ယိုယွင်း ပျက်စီးမှုများနှင့် သမိုင်းဝင်မယ်ဇယ်ပင်ကြီးများ ရေများအမြဲထိတွေ့နေ၍ အပင်များသေဆုံးနိုင်သည် အထိ ဖြစ်ပေါ်နေပြီး ရေများဖြည့်တင်းမှုကြောင့် သဘာဝရေဝင်ရေထွက်ချောင်းများ ပျက်စီးခြင်းများနဲ့ ကြုံတွေ့နေရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်၏မေးခွန်းပါ အကျိုးအကြောင်းဖော်ပြချက် များကို ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ဘတ်ဂျက်နှင့် အချိန်တို့မကုန်ဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မှာဖြစ်ကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှလည်း မိမိတို့၏တောင်သူလယ်သမား၊ ပြည်သူများအပေါ် ရင်ဝယ်သားကဲ့သို့ သနားညှာတာစွာဖြင့် ဆောင်ရွက်ပေးမည့်အချိန်ကို ယုံကြည်မျှော်လင့်လျက် ဖော်ပြပါမေးခွန်းအား လေးစားစွာ မေးမြန်း အပ်ပါတယ်ခင်ဗျား။ တောင်သမန်ကန်(တောင်သမန်အင်း)အား သဘာဝအတိုင်း ရေဝေရေလဲ ဒေသကြီးတစ်ခုပြုလုပ်၍ တောင်သမန်ကန် (တောင်သမန်အင်း)ပတ်လည်တွင် တိမ်မြုပ်ပျောက်ကွယ် နေသော လယ်ယာမြေများကို ပြန်လည်ဖော်ထုတ်ရန်အစီအစဉ် ရှိ၊ မရှိ သိလိုပါ၍ မဲဆန္ဒရှင်ပြည်သူများ ၏ကိုယ်စား လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ (ညြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၏ တောင်သမန်ကန် (တောင်သမန်အင်း)အား သဘာဝအတိုင်းရေဝေရေလဲဒေသကြီးတစ်ခုအဖြစ်ပြုလုပ်၍ တောင်သမန်ကန် (တောင်သမန်အင်း)ပတ်လည်ရှိ တိမ်မြုပ်ပျောက်ကွယ်နေသော လယ်ယာမြေများအား ပြန်လည်ဖော်ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိဟူသောမေးခွန်းနှင့်ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားပါမယ် ခင်ဗျား။ တောင်သမန်အင်းသည် အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာအနီးတွင် တည်ရှိပါတယ်။ တောင်သမန်အင်းအတွင်းသို့ အဓိကရေစီးဝင်သောလမ်းကြောင်းများမှာ ပန်းရံတော်ချောင်း၊ လက်ပံပင်ချောင်းနှင့် မိုးရာသီတွင် ဧရာဝတီမြစ်ရေဝင်ရောက်ရာ အမဲအိုးချောင်း နှင့် ဒုဌဝတီမြစ်ရေတက်ချိန်တွင်စီးဝင်သော သူငယ်တော်ချောင်းနှင့် ရေကြည်ပေါက်ချောင်းတို့ ဖြစ်ပါတယ်။ တောင်သမန်အင်းတွင် ရေသွင်းရေထုတ်ဆောင်ရွက်နိုင်ရန်အတွက် တံတားဖြူရေတံခါး အားအမဲအိုးချောင်းပေါ်တွင် ၁၉၉၅ ခုနှစ်၌ တည်ဆောက်ခဲ့ပါတယ်။ ရေတံခါးအရွယ်အစားမှာ အကျယ် ၅ ပေ၊ အမြင့် ၅ ပေ၊ ရေတံခါး ၅ ပေါက် ဖြစ်ပြီး၊ အင်းအတွင်း လိုအပ်သည့် ရေပမာဏအား သိုလှောင်ထားရှိခြင်းအားဖြင့် တောင်သမန်အင်းအား သာယာလှပစေရန်၊ ဒေသစိမ်းလန်းစိုပြည် ရေးအတွက် အထောက်အကူဖြစ်စေရန် အင်းပတ်လည်တွင် စိုက်ပျိုးထားသော မိုးစပါးအတွက် အောင်ရေနှင့် နွေစပါးအတွက် လိုအပ်သောရေကို အလွယ်တကူရယူနိုင်ရန် ဆောင်းသီးနှံနှင့်နွေစပါး မရိတ်သိမ်းမီ မေလတွင် ဧရာဝတီမြစ် ရေတက်လာပါက လယ်မြေနှင့် ယာမြေများ ရေကြီးနစ်မြုပ်မှု မဖြစ်အောင် ကာကွယ်ပေးရန်အတွက် တည်ဆောက်ပေးထားခြင်း ဖြစ်ပါတယ်။ ဧရာဝတီမြစ်ရေတက် လာချိန်တွင် တံတားဖြူရေထိန်းတံခါးမှတစ်ဆင့် ရေထိန်းခြင်းနှင့် ရေသွင်းခြင်းကို ဆောင်ရွက်ရပါတယ်။ ဧရာဝတီမြစ်ရေ အဆမတန်မြင့်တက်လာပါက ရေတံခါးပိတ်၍ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးပါတယ်။ ဧရာဝတီမြစ်ရေကျဆင်းချိန်တွင် တံတားဖြူရေထိန်းတံခါးမှရေများ လျှော့ချပေးရပါတယ်။ မူလက တောင်သမန်အင်းတွင် ရေအနက် ၁၄ ပေ၊ ရေပြင်ကျယ်ဧရိယာ ၂၀၄၅ ဧကအထိ သိုလှောင်ရန် ရည်ရွယ်ခဲ့သော်လည်း တောင်သူလယ်သမားများ၏ တင်ပြချက်အရ ဒေသဆိုင်ရာ အာဏာပိုင်များနှင့်ညှိနှိုင်းပြီး ရေအနက် ၉ ပေ၊ ရေပြင်အကျယ်ဧရိယာ ၁၇၄၅ ဧကအထိ လျှော့ချသိုလှောင်ကာ ပေါ်ထွက် လာသည့် လယ်မြေများအား စိုက်ပျိုးခဲ့ပါတယ်။ ရေအနက် အနိမ့်ဆုံး

၄ ပေ အထိ လျှော့ချသိုလှောင် ပါကရေပြင်ကျယ်ဧရိယာ ၃၁၅ ဧကရှိပါတယ်။ အင်းပတ်လည်တွင် ဆည်ရေသောက်လယ်များ ရှိခဲ့သည်မှာမှန်ကန်ပါတယ်။ ၎င်းလယ်များမှာ ဆည်တော်ကြီး ရေသောက် စနစ်၏ တမုတ်ဆိုးမြောင်းဖျားသောက် လယ်မြေများဖြစ်ပြီး ရေပိုသောက်လယ်များဖြစ်သဖြင့် ရေရရှိရန် မသေချာပါ။ ယခုအခါ ရေတံခါးဖြင့် ရေသိုလှောင်ပြီးဖြစ်သဖြင့် မိုးစပါးအောင်ရေအတွက် လွယ်ကူစိတ်ချရသော လယ်မြေများအဖြစ်သို့ ရောက်ရှိနေပြီဖြစ်ပါတယ်။ ယခင်ကစက်မှုဇုန်မှ စွန့်ပစ်ရေများ ဝင်ရောက်ခြင်းရှိခဲ့ပါသော်လည်း ယခုအခါ စက်မှုဇုန်စွန့်ပစ်ရေအား သီးခြားတူးမြောင်း ဖြင့် မြစ်ငယ်မြစ်သို့ စွန့်ပစ်ရန် ရေမြောင်းတူးဖော်ခဲ့ပြီးဖြစ်၍ တောင်သမန်အင်းအတွင်းသို့ ဝင်ရောက် လာခြင်းမရှိတော့ပါသဖြင့် ရေညစ်ညမ်းမှုမှ ကာကွယ်ထားပြီးဖြစ်ပါတယ်။ တောင်သမန်ကန် ရေလှောင်မှုကြောင့် ရောဂါများ ပိုမိုဖြစ်ပွားရခြင်းမရှိကြောင်း ကျန်းမာရေးမှတ်တမ်းများအရ စိစစ် သိရှိရပါတယ်။ တောင်သမန်ကန်မှာ ရေလှောင်ကန်တစ်ခုဖြစ်လာ၍ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျား ရောဂါဖြစ်ပွား စေတတ်သောခြင်များ ပေါက်ဖွားခြင်းမရှိပါ။ သုတေသနပြုချက် စာတမ်းများအရလည်း ၎င်းခြင်များပေါက်ဖွားခြင်း မရှိကြောင်းတွေ့ရှိရပါတယ်။ တောင်သမန်အင်းတွင် ရေသိုလှောင်ထားရှိ နိုင်မှုကြောင့် ရရှိလာသောအကျိုးကျေးဇူးများနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့် သစ်တောရေးရာ ဝန်ကြီးဌာန၏ ဆန်းစစ်တွေ့ရှိချက်များကို အောက်ပါအတိုင်းဖော်ပြအပ်ပါတယ် -

(က) ၁၉၉၅ ခုနှစ်မတိုင်မီက မယင်းစပါးနှင့် ဆောင်းသီးနှံ ၁၃၂၇ ဧကစိုက်ပျိုးခဲ့ကြောင်း ယခုနှစ်တွင် မယင်းစပါး၊ ပဲမျိုးစုံနှင့် နွေနှမ်း ၃၀၃ ဧက စိုက်ပျိုးခဲ့ကြောင်း၊ မြို့ပြဖွံ့ဖြိုး လာခြင်းနှင့် တောင်သမန်အင်းအပေါ် အခြေတည်သော အခြားစီးပွားရေးလုပ်ငန်းများ တိုးပွားလာမှုကြောင့် တောင်ယာစိုက်ပျိုးသူဦးရေ တိုးပွားလာခြင်းမရှိကြောင်းလည်း သိရှိရပါတယ်။

(ခ) ဦးပိန်တံတားနှင့် တောင်သမန်အင်းကို အခြေပြု၍ ပြည်တွင်း၊ ပြည်ပခရီးသွားများ နှစ်စဥ်တိုးတက်လာရောက်မှုကြောင့် အင်းအပေါ်မှီခိုနေသူများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

(ဂ) ၁၉၉၅ ခုနှစ် မတိုင်မီက ရာသီအလိုက် ရေဝင်မှုသာရှိခဲ့သဖြင့် ရေနေသတ္တဝါမျိုးစိတ် အနည်းငယ်သာရှိခဲ့ပြီး ရေထိန်းတံခါး တည်ဆောက်ခဲ့ပြီး တစ်နှစ်ပတ်လုံး ရေရရှိသည့် နောက်ပိုင်းတွင် ရေနေသတ္တဝါများ တိုးပွားလာကြောင်း၊ ယောက်သွား၊ ခရုများပေါများ လာပြီးယင်းရေနေသတ္တဝါတို့၏ အစာချေဖျက်မှုစနစ်အရ လူနှင့်သက်ရှိတို့ကို အန္တရာယ်ဖြစ်စေနိုင်သော မာကျူရီကဲ့သို့သော ဓါတုအညစ်အကြေးများကို ဓာတ်ပြု

ပြောင်းလဲစေနိုင်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှလည်း နှစ်စဉ်ငါးမျိုးစိတ်များ စိုက်ထည့်ပေးသည့်အတွက် အနီးပတ်ဝန်းကျင်ဒေသရှိ တစ်ဝမ်းတစ်ခါး ဝမ်းစာရှာဖွေ စားသောက်နိုင်ကြောင်းကိုလည်း သိရှိရပါတယ်။

(ဃ) တောင်သမန်အင်းပတ်လည်တွင် စိုက်ပျိုးထားသော မယ်ဇယ်ပင်များသည် အင်းရေ ပိတ်မှုကြောင့် ရေအမြဲထိတွေ့သေဆုံးခြင်းမဟုတ်ဘဲ အမြစ်ပေါ်လဲ၍ မယ်ဇယ်ပင် တစ်ပင်သာ သေဆုံးခဲ့ပါကြောင်းနှင့် ၂၀၁၁-၂၀၁၂ ခုနှစ်တွင် သစ်တောဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့မှ အင်းပတ်လည်လမ်းတစ်လျှောက် မြေကွက်လပ်များတွင် မယ်ဇယ်နှင့် အခြားအရိပ်ရပင် ၂၀၀ ပင် စိုက်ပျိုးခဲ့ပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင်လည်း ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ပါတယ်။

(င) အလားတူ အင်းအတွင်း တစ်နှစ်ပတ်လုံး ရေရရှိသည့်အတွက် ငှက်မျိုးစိတ်များ ပေါ်များလာခြင်း၊ ရာသီအလိုက်ပြောင်းရွှေ့နေထိုင်သော ငှက်မျိုးစိတ်များ တွေ့ရှိလာပြီး အင်း၏ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများကို တိုးတက်ကောင်းမွန် လာပြီ ဖြစ်ပါတယ်။

(စ) အထက်ဖော်ပြပါ အခြေအနေများအရ တောင်သမန်အင်းအတွင်း တစ်နှစ်ပတ်လုံး ရေရရှိရေး ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူများ၏ အသက်မွေး ဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက် လာခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ တိုးတက်ပွားများ ကောင်းမွန် လာပြီးရေတိမ်ဒေသဂေဟစနစ် Wet-land Ecosystem ရေရှည်တည်တံ့ရေး ထိန်းသိမ်းကာကွယ်နိုင်ခြင်း၊ နိုင်ငံတော်၏ယဉ်ကျေးမှုအမွေအနှစ်တစ်ခုကို ထိန်းသိမ်း နိုင်ခြင်း၊ ပြည်တွင်း၊ ပြည်ပဧည့်သည်များ လာရောက်လေ့လာ အပန်းဖြေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါတယ်။

(ဆ) တောင်သမန်အင်းဝန်းကျင်တွင် လယ်ယာစိုက်ပျိုးပါက မြေထွန်ယက်မှုကြောင့် အင်းအတွင်း နုန်းအနည်ပို့ကျခြင်း၊ စိုက်ပျိုးရေးအတွက် အသုံးပြုသည့် ဓာတ်မြေဩဇာ နှင့်ဓာတုပစ္စည်းများမှ ညစ်ညမ်းမှုပေါ်ပေါက်လာစေနိုင်ခြင်းစသည့် ဆိုးကျိုးများကို လည်း အလေးထားစဉ်းစားရန် လိုအပ်ပါတယ်။

သို့ပါ၍ တောင်သမန်အင်းအတွင်း စနစ်တကျ ရေသိုလှောင်ထိန်းသိမ်းနိုင်ခြင်းဖြင့် ရရှိမည့် ဖော်ပြပါ အကျိုးကျေးဇူးများကို အလေးထားပြီး လယ်ယာစိုက်ပျိုးခွင့်ပြုရေးကို ဦးစားပေးခြင်း

မပြုလုပ်သင့်ပါကြောင်းနှင့် အခြေအနေအကြောင်းတစ်ရပ်ရပ် ခွင့်ပြုမည်ဆိုပါကလည်း တောင်သမန်အင်း ရေရှည်တည်တံ့ရေးကို ထိခိုက်မှုမရှိနိုင်သည့် အတိုင်းအတာဖြင့်သာ ဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## "၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း"နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်ကိုလွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ အရ ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းဆွေးနွေး၍ ၂၂-၉-၂၀၁၁ ရက်နေ့တွင် အတည်ပြု ခဲ့တဲ့ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏အခြေခံရပိုင်ခွင့်နဲ့ တာဝန်များပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ၂၃-၉-၂၀၁၁ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ ဆွေးနွေးတဲ့အခါမှာလည်း ပြည်သူ့လွှတ်တော်က အတည်ပြုသည့်အတိုင်း အမျိုးသားလွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ချက်နဲ့အတူ ၁၈-၁၀-၂၀၁၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ (ဂ)(ဃ) တို့နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော "လွှတ်တော်ရုံးဥပဒေကြမ်း" ကိုလက်ခံရရှိကြောင်းလွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုပြီး လွှတ်တော်ရုံးဥပဒေကြမ်းကို လွှတ်တော်က ၁၈-၁၀-၂၀၁၁ ရက်နေ့တွင် လက်ခံရရှိပါတယ်။ နည်းဥပဒေ ၁၆၇၊ နည်းဥပဒေခွဲ(ခ)(ဂ) တို့နှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန် ဥပဒေကြမ်းမိတ္တူကို ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်း ကော်မတီနှင့် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားကြောင်း အသိပေးတင်ပြအပ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၉ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် (သောကြာနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း ၂၉ ။**

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ကို ၁၂း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။ ]